# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း(၁၀)ရက် ၊ တနင်္လာနေ့ ၊ (7-4-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၄၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ လမ်းညွှန်မှာကြား



**နေပြည်တော် ဧပြီ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို

**စာမျက်နှာ ၁၆ ကော်လံ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီး၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးထားမှုများကို ကြည့်ရှု၍ အားပေးစကားပြောကြားစဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် ဧပြီ ၇ ရက်
အယ်ဒီတာ့အာဘော်

## အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်များကိုရှုတ်ချ

နိုင်ငံတော်၏တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးမှုဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်တွင် အကြမ်းဖက်လုပ်ရပ်များလည်း ပါဝင်ပေသည်။ ထိုကဲ့သို့သော အဖျက်လုပ်ရပ်များကို မည်သည့်လူ့ဘောင်အဖွဲ့အစည်းကမျှ လက်ခံကြမည်မဟုတ်ပေ။ ထို့ကြောင့် အကြမ်းဖက်မှု အဖျက်လုပ်ရပ်ဟူသမျှကို ရှုတ်ချကြရမည်ဖြစ်ပေသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်တွင်ဖြစ်ပေါ်လျက်ရှိသည့် ငလျင်သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား စာနာထောက်ထားနားလည်သောအားဖြင့်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက်လည်းကောင်း တည်ငြိမ်အေးချမ်းမှုကိုရှေးရှုလျက် ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှ ၂၂ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်ထားပြီးဖြစ်သည်။

ထိုကဲ့သို့ တပ်မတော်က ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးထုတ်ပြန်ထားသည့်ကာလအတွင်း KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက နှောင့်ယှက်ပစ်ခတ်တိုက်ခတ်မှုများကို အလစ်အငိုက်လုပ်ဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ရာတွင် ဧပြီ ၄ ရက် မွန်းလွဲပိုင်းတွင် မိုးညှင်းမြို့ မြို့မဈေးအနီး နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်များက ဆိုင်ကယ်ဖြင့် ရုတ်တရက်မောင်းနှင်ဝင်ရောက်လာပြီး လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားပြည်သူနှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အလားတူ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် အောင်နိုင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော် ဦးဆောင်၍ သံဃာတော်တစ်ပါး၊ သီလရှင်တစ်ပါး၊ အမျိုးသားနှစ်ဦး၊ အမျိုးသမီးကိုးဦးတို့သည် မကွေးမြို့သို့ ဘုန်းတော်ကြီးကျောင်းအလှူကိစ္စဆောင်ရွက်ရန်အတွက် လိုအပ်သောဈေးပစ္စည်းများ သယ်ဆောင်ရန် မော်တော်ယာဉ်နှစ်စီးဖြင့် စေတုတ္တရာ-ငဖဲ-ပဒါန်း-မင်းဘူး-မကွေးသွား ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာလာစဉ် ဧပြီ ၃ ရက်ညတွင် စေတုတ္တရာမြို့၏အရှေ့တောင်ဘက် မီတာ ၁၆၀၀၀ ခန့်အကွာ အောက်ဝေါကျေးရွာအနီးသို့အရောက်၌ အကြမ်းဖက်သောင်းကျန်းသူများက လက်လုပ်မိုင်းသုံးလုံးဖြင့်ဖောက်ခွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ရာ ယာဉ်များပေါ်တွင် လိုက်ပါလာသည့်အပြစ်မဲ့အရပ်သားပြည်သူအမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးသေဆုံးခဲ့ပြီး ဆရာတော်တစ်ပါး၊ သီလရှင်တစ်ပါးနှင့် အမျိုးသမီးခုနစ်ဦး ပြင်းထန်သောထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံအတွင်း ငလျင်သဘာဝဘေးဒဏ်ကြောင့်ဖြစ်ပေါ်ခံစားလျက်ရှိသည့် နိုင်ငံ့သူ၊ နိုင်ငံသားများ၏ပူပင်သောကရောက်ရှိမှုများကို လျစ်လျူရှု၍ ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်သောပစ်မှတ်မဟုတ်ဘဲ အကြမ်းဖက်တိုက်ခိုက်မှုများကို ကျူးလွန်ခြင်းသည် လူသားချင်းစာနာထောက်ထားမှုမရှိခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တပ်မတော်က ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးထုတ်ပြန်ထားသည့်ကာလအတွင်း ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များသည် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့်ဒေသများတွင် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်နေသူများကို အနှောင့်အယှက်ဖြစ်စေသည့်အပြင် ငလျင်သဘာဝဘေး ဒဏ်ကြောင့် ထိခိုက်ခံစားနေရသော ပြည်သူလူထုကို စာနာထောက်ထားမှုကင်းမဲ့သောလုပ်ရပ်များသာဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကန့်ကွက်ရှုတ်ချကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ကုလသမဂ္ဂဒုတိယအထွေထွေအတွင်းရေးမှူးချုပ်၊ စင်ကာပူအရေးပေါ်ဆေးဘက်ဆိုင်ရာအဖွဲ့၊ တရုတ်နိုင်ငံကောင်စစ်ဝန်ချုပ်တို့ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် သီးခြားစီတွေ့ဆုံ



မန္တလေး ဧပြီ ၆

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် နယူးယောက်မြို့ ကုလသမဂ္ဂရုံးချုပ်မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်/အရေးပေါ်ကယ်ဆယ်ရေးညှိနှိုင်းရေးမှူး Mr.Tom Fletcher နှင့်အဖွဲ့၊ SINGAPORE EMERGENCY MEDICAL TEAM မှ Dr. Mohamad Ralhan Hafidz Bin Mohd Rafiek နှင့်အဖွဲ့၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှကောင်စစ်ဝန်ချုပ် Ms.Gao Ping နှင့်အဖွဲ့တို့အား ဧပြီ ၅ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကုလသမဂ္ဂရုံးချုပ်မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်၊ Mr.Tom Fletcher နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး(UNOCHA)မှငလျင်ကြောင့် ထိခိုက်ခံစားရသော လူထုများရှိသည့်နေရာဒေသများသို့အရေးပေါ် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ငလျင်လှုပ်ခတ်မှုနောက်ပိုင်း ပေါ်ပေါက်လာနိုင်သော လိုအပ်ချက်အပါအဝင် အကူအညီပေးနိုင်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှု၊ ပြည်သူအချို့ သေဆုံးခဲ့ရမှုနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှုများဖြစ်ပေါ်ခဲ့ရသဖြင့် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံတကာမှ အကူအညီပေးနေမှုများကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ SINGAPORE EMERGENCY MEDICAL TEAM မှ Dr.Mohamad Ralhan Hafidz Bin Mohd Rafiek နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသမှုကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များကိုလည်းကောင်း၊ ထို့နောက် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံတရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms.Gao Ping နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် ကောင်စစ်ဝန်ချုပ်က တရုတ်နိုင်ငံမှကူညီရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးကုသမှုအဖွဲ့များဖြင့် ဆောင်ရွက်ပေးနေမှုများနှင့် နှစ်နိုင်ငံကြားကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပေးသွားမည့် ကိစ္စများကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး ဧပြီ ၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အငယ်မက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်ရှိငါးခြောက်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်ငါးမြွေထိုးအစိမ်းများကိုဝယ်ယူပြီး အခြောက်လှန်းကာ တင်ပို့ရောင်းချနေကြောင်း၊ ဖေဖော်ဝါရီလအတွင်းက ငါးမြွေထိုးခြောက်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးမြွေထိုးခြောက် ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့မတ်လက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးခြောက်တွေကိုမှာယူမှု အားကောင်းနေပါတယ်။ ငါးခြောက်လုပ်ငန်းက ဒေသအတွက် အလုပ်အကိုင်ဖန်တီးပေးတဲ့လုပ်ငန်းပါ။ အခုလို ငါးခြောက်တွေ မှာကုန်များလာတာကြောင့် ငါးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေအကုန်အဆင်ပြေလာပါတယ်" ဟု ဒေါ်အငယ်မက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးမြွေထိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ငါးမြွေထိုးခြောက်များရောင်းချနေရသဖြင့် ငါးခြောက်လုပ်ငန်းရှင်များ၊ ရေလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

## ရေဦးမြို့နယ်တွင် စပါး ၁၆၀၅ ကေထိ စိုက်ပျိုးပြီးစီး လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ

ရေဦး ဧပြီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် စပါး ၁၆၀၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ ၁၅၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၀၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရေဦးမြို့နယ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါးကေ ၁၅၀၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၆၀၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ နွေစပါးစိုက်တောင်သူတွေ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

စပါး အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး ပိုမို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ချမ်းအေးသာစံမြို့နယ်ရှိ ပရိယတ္တိသာသနဟိတအသင်းကြီးတွင် ပြိုကျပျက်စီးခဲ့သည့် တိုးချဲ့လေးထပ်ဆောင် ဖယ်ရှားရှင်းလင်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**မန္တလေး ဧပြီ ၆**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ပရိယတ္တိသာသနဟိတအသင်းကြီးရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံအား ဖယ်ရှားရှင်းလင်းခြင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ပရိယတ္တိသာသနဟိတအသင်းကြီးတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအစီအစဉ်ဖြင့် မေးခိုင်ကာကွယ်ဆေး ထိုးနှံပေးနေမှုများနှင့် ကလိုရီရင်းဆေးရည်ဖျန်းပေးနေမှုများကို လည်းကောင်း၊ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် လေးထပ်တိုးချဲ့ဆောင် အဆောက်အအုံ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် ချမ်းအေးသာစံမြို့နယ်ရှိ စပ္ပာယ်ရုံမိုးကုတ် ဝိပဿနာရိပ်သာနှင့် အောင်မြေသာစံမြို့နယ်ရှိ ဝိဘဇ္ဇဝါဒီ ပရိယတ္တိစာသင်တိုက်များသို့ သွားရောက်ပြီး နာယကဆရာတော်များအားဖူးမြော်၍ ဩဝါဒများခံယူကာ ဆန်၊ ဆီ၊ ရေသန့်ဘူးများနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ချမ်းအေးသာစံမြို့နယ်ရှိဗထူးကွင်းသို့ရောက်ရှိပြီး SINGAPORE EMERGENCY MEDICAL TEAM မှ Dr.Mohamad Ralhan Hafidz Bin Mohd Rafiek နှင့်အဖွဲ့မှ ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ယာယီဆေးရုံနေရာအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ အမှတ်(၁၇/က) မဟာမြိုင်ရပ်နေ ဒေါ်သန်းသန်းစိန်မိသားစုက ဦးတင်ထွန်း(ခ)ဦးချိုကြီး အားရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ခင်ဦးမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၄၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ခင်ဦး ဧပြီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၄၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၂၃၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၄၂၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"နွေသီးနှံ စိုက်ပျိုးရာသီမှာ ခင်ဦးမြို့နယ်အတွင်း စပါးဧက ၂၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးတာတွေ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးသလောက်ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဧပြီ ၆**

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးသလောက် ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးသလောက် ပိသာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးသလောက် ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မတ်လအတွင်းက ငါးသလောက်ပိသာချိန် အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ရောင်းချခဲ့တဲ့ငါးသလောက်တွေက ဒေသထွက်ငါးတွေပါ။ အခုလို ကုန်ချိန်များများ တင်ပို့ရောင်းချခဲ့ရတော့ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိလာပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာကြောင့် တင်ပို့အားတက်ခဲ့တာပါ။ လက်ရှိမှာလဲ ငါးသလောက်တွေ အမှာကုန် များနေပါတယ်။ အရည်အသွေးကောင်း ငါးတွေကို ဈေးကွက်ထဲ လစဉ်တင်ပို့ရောင်းချနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်အသေး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၊ အလတ် တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၅၅၀၀၊ အကြီး တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ ပေါက်ဈေးရှိပြီး အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း၊ အဆိုပါ ငါးသလောက်များ ပုံမှန်တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ် လုပ်ငန်းရှင်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဘုတ်ပြင်းမြို့နယ် ကရိုင်တိုင်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘုတ်ပြင်း ဧပြီ ၆**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရိုင်တိုင်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ်မြောက် ထုတ်ချေးပေးခြင်းကို ဧပြီ ၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရန် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၂ ဒသမ ၄ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ကြီးကြပ်မှုဖြင့် ကရိုင်တိုင်ကျေးရွာ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူနှစ်ဦး၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူနှစ်ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂ ဒသမ ၄ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကရိုင်တိုင်ကျေးရွာ၌ ၂၀၁၇-၂၀၁၈ ခုဘဏ္ဍာနှစ်ကစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်းသုံးရာမတည်ပေးခဲ့ပြီး အဆိုပါ စီမံကိန်းအတိုးရငွေမှ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာကြောင်း ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်ထံမှ သိရသည်။

**အိပိုးပိုး**



# မိတ်ဟောင်းဆွေဟောင်းများနှင့်

**ချစ်နိုင်(စိတ်ပညာ)**

လူဆိုသည်မှာ နိုင်ငံရေးသက်ရှိသတ္တဝါတစ်မျိုးဟု လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကာလဆီက ခေါမပညာရှိတစ်ဦး ပြောဖူးလေသည်။ ကြားရခြင်းဟုတ်ပါ။ စာအုပ်ထဲမှ ဖတ်ရသည်ကို မှတ်ထားပြီး ပြန်ဖော်ပြခြင်းပါ။ အခြားပညာရှိတစ်ဦးကလည်း လူဆိုသည်မှာ ဆက်ဆံရေးသတ္တဝါဆိုမှ ပို၍မှန်သည်ဟု ပြောခဲ့သည် ဆို၏။ ခေါမခေတ်က တစ်ယောက်တစ်မျိုး လွတ်လပ်စွာပြောဆိုခဲ့ကြသည်ကို သူ့တပည့် ကိုယ့်တပည့်တွေက စာနှင့်ပေနှင့် မှတ်တမ်းတင်ခဲ့ကြသဖြင့် နှစ်ပေါင်းနှစ်ထောင့်ငါးရာ ကာလကြာရှည်ကို ဖြတ်သန်းကာ တတိယထောင်စုနှစ်ထဲ ၂၅ နှစ်မျှ ဝင်ရောက်စပြုနေသော မိမိတို့ကို သင်ကြားဆွေးနွေးနေသည့် သဘောဖြစ်ပါ၏။

ယခုလည်း အသက်မတိမ်းမယိမ်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဟောင်း လေး၊ ငါး၊ ခြောက်ယောက်စုပြီး နေပြည်တော်ရှိ မိမိအိမ်သို့ရောက်တုန်းရောက်ခိုက် အလည်ဝင်လာကြပါသည်။ တစ်ယောက်တစ်ပေါက် ရောက်တတ်ရာရာ ပြောဆိုဆွေးနွေးရင်းပင် အခန်းကဏ္ဍနှင့် အရည်အဆင့်(Role and Status) အကြောင်းလည်းပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်ဆီက မန္တလေးတက္ကသိုလ် စိတ်ပညာ နောက်ဆုံးနှစ် သင်ရိုးညွှန်းတမ်း သင်ခန်းစာထဲတွင် ပါခဲ့သည်။ ခေါင်းဆောင်မှုအကြောင်းလည်း ဆွေးနွေးဖြစ်ကြသည်။ သဘောထားအကြောင်း၊ ကိုယ်ရည်ကိုယ်သွေး အကဲဖြတ်ခြင်းနှင့် လက္ခဏာအင်္ဂါရပ်များအကြောင်း စသည်တို့လည်းပါခဲ့သည်။ ဩော်... နှစ်ပေါင်း ၅၀ ကျော်ကာလ ဘဝသမုဒ်ပြင်မှာ ကူးခတ်ခဲ့ပြီးမှ တက္ကသိုလ်တုန်းက စာတွေ့အဖြစ်လေ့လာကျက်မှတ်ခဲ့သော သင်ခန်းစာများသည် ဘဝခရီးတစ်လျှောက်တွင် အလွန်တရာ အထောက်အကူပြု၍ ကြီးမားသောအကျိုးကျေးဇူးတွေ ပေးခဲ့ပါတကားဟု ပြောဖြစ်ကြသည်။ တက္ကသိုလ်လေးနှစ်ကာလ၏ ကျေးဇူးတရားကို သတိရအထူးပင် အသိအမှတ်ပြုမိကြ၏။ အခြား ဝိဇ္ဇာသိပ္ပံဘာသာတွေတော့ မသိပါ။ စိတ်ပညာ အဓိကဘာသာရပ်ကတော့ လူ့ဘဝနယ်ပယ် မည်မျှပင်ကျယ်ဝန်းထွေပြားပါစေ၊ အသုံးကျနေခဲ့ပါ၏။ ပညာ၏ကျေးဇူးဖြင့် မိမိတို့လူရာဝင်ခဲ့ကြပါ၏။

ဥပမာဆိုပါရစေ။

အခန်းကဏ္ဍနှင့် အရည်အဆင့်အကြောင်း ဆိုပါစို့။

မြန်မာ့ရှေးအစဉ်အလာ ယဉ်ကျေးမှုအရ ဒူးနေရာ ဒူး၊ တော်နေရာတော်ဟူသော ဓလေ့ထုံးတမ်းသည် အလွန်သင့်မြတ်သည်။ တော်နေရာ၊ စနည်းနေရာ၊ ဘဝေါနေရာ၊ မင်းညီမင်းသားနေရာ စသည်ဖြင့် အဆင့်အတန်းအလိုက် ရှေ့ဆုံးတန်း၊ အလယ်၊ နောက်၊ နောက်ဆုံးနှင့် လက်ဝဲဘက်၊ လက်ယာဘက် စသည်ဖြင့် တိကျစွာ ပိုင်းခြားခြင်းသည် ကောင်းမွန်သည့်စနစ်ပင်ဖြစ်လေသည်။ နိုင်ငံ့ဝန်ထမ်းလောကတွင်လည်း အရာရှိ၊ အခြားအဆင့်ဟူသော ကွပ်ကဲသူအဆင့်၊ ကြီးကြပ်သူအဆင့်၊ လုပ်ဆောင်သူအဆင့်၊ ခွဲခြားခွဲဝေခြင်းသည် စုပေါင်းလှုပ်ရှားကြရသော ဝန်ထမ်းအဖွဲ့အစည်းဖြင့် ဟန်ချက်ညီစွာ အလုပ်ကို ပြီးစီးအောင်မြင်စေပါသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြစ်စေ၊ ကုန်သွယ်မှုလုပ်ငန်းဖြစ်စေ၊ ဝန်ဆောင်မှုလုပ်ငန်းဖြစ်စေ၊ အဆင့်ဆင့်သောတာဝန်ခံမှု၊ တာဝန်ယူမှု ခွဲဝေပိုင်းခြား ထားရှိရပေသည်။ ရုံးသဘောအရ ဦးစီးတာဝန်နှင့် တည်မြဲအမိန့်(Staff Duties, Standing Orders) အရ လိုက်နာအကောင်အထည်ဖော်ကြရသည်။

အင်္ဂလိပ်၏ကိုလိုနီအုပ်ချုပ်ရေးစနစ်လက်အောက်တွင်လည်း ပြန်တမ်းဖြင့် ကွပ်ကဲကြီးကြပ်ခြင်း၊ ရာထူးခန့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ အနားပေးခြင်းတို့ပြုခဲ့၏။ ဂေဇက်ခေါ် ပြန်တမ်းဝင်သော အရာထမ်းများကို ပြန်တမ်းဝင်အရာရှိဟု သတ်မှတ်ပါ၏။ အစိုးရအရာရှိသည် ဌာနအလိုက် ခေါင်းဆောင်တာဝန်ယူရ၏။ တာဝန်ခံရ၏။ လုပ်ငန်းဆောင်တာအရာရာတွင် အခြေခံဥပဒေသ (Principle) လုပ်ထုံးလုပ်နည်း စည်းမျဉ်း၊ ကျင့်ထုံး(Procedure)နှင့်မူဝါဒ(Policy) ဟူသောအချက်များအတိုင်း တက်ညီလက်ညီ လုပ်ဆောင်အကောင်အထည်ဖော်ကြရပေသည်။

စစ်အောင်ရာသော အခြေခံဥပဒေသ(မိမိသိသမျှ) ၁၄ ချက်ရှိ၏။ ပြန်ကြားရေး၏ အခြေခံဥပဒေသ သုံးချက်ရှိ၏။

၁။ **မြန်ရမည်**(လုပ်ငန်းကျွမ်းကျင်၊မြော်မြင်)
၂။ **မှန်ရမည်**(နည်းစနစ်အဆင့်ဆင့် တတ်မြောက်)
၃။ **ထိရောက်ရမည်**(အကြံကောင်း၊ ဉာဏ်ကောင်း ဖန်တီးတတ်)

**❖ အသက်မတိမ်းမယိမ်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဟောင်း လေး၊ ငါး၊ ခြောက်ယောက် စုပြီး နေပြည်တော်ရှိ မိမိအိမ်သို့ရောက်တုန်း ရောက်ခိုက် အလည်ဝင်လာကြပါသည်။ တစ်ယောက်တစ်ပေါက် ရောက်တတ်ရာရာ ပြောဆိုဆွေးနွေးရင်းပင် အခန်းကဏ္ဍနှင့် အရည်အဆင့်(Role and Status) အကြောင်းလည်းပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်ဆီက မန္တလေးတက္ကသိုလ် စိတ်ပညာ နောက်ဆုံးနှစ် သင်ရိုးညွှန်းတမ်းသင်ခန်းစာထဲတွင် ပါခဲ့သည်။ ခေါင်းဆောင်မှုအကြောင်းလည်း ဆွေးနွေးဖြစ်ကြသည်။ ❖**

သတင်းမီဒီယာစစ်ပွဲ အကြီးအကျယ် သေရေးရှင်ရေးဆင်နွှဲနေရသော ယနေ့အချိန်ကာလမျိုးတွင် မြန်သော၊ မှန်သော၊ ထိရောက်သော မီဒီယာဘက်က အနိုင်ရပြီး နှေးသော၊ မှားယွင်းသော၊ မထိရောက်သည့်ဘက်မှ ပြိုလဲပျက်သုဉ်း ရှုံးနိမ့်သွားမည်ပဲဖြစ်၏။

ခေါင်းဆောင်မှုဥပဒေသ အခြေခံအချက်ကတော့ အကိုင်းအခက် မည်မျှပင်များပြားစေကာမူ ရေသောက်မြစ်သဘော အခြေခံဥပဒေသက တစ်ခုတည်းသာရှိသည်။ ဦးစီးခေါင်းဆောင်ပြုသူသည် **"စံနမူနာ ပြသနိုင်ရမည်"**။

သူ၏စွမ်းဆောင်ပုံ၊ လုပ်ဆောင်ချက်အောင်မြင်ပါက ငယ်သားများက စိတ်ဓာတ်မြင့်မားကြမည်။ ရဲဝံ့စွန့်စားကြမည်။ သေသေကျေကျေ အလုပ်ကိုမသွေမဖည် လုပ်ကိုင်ကြသဖြင့် အောင်မြင်သော ခေါင်းဆောင်မှု ဩဇာတိက္ကမကိုရမည်။ "Follow me" ငါ့နောက်လိုက်ခဲ့ဟု ရှေ့ကလမ်းကောင်းပြသူ၏ နောက်မှာ လက်အောက်ရဲဘော်ရဲဘက်တွေက အသက်ပေးရန် ဝန်မလေးကြပေ။ "Forward" ရှေ့ကိုချီတက်ကြဟု အမိန့်ပေးနေသည့် ခေါင်းဆောင်က ဘန်ကာ ကတုတ်ကျင်းထဲ ပုန်းနေလျှင် ဩဇာမသက်ရောက်နိုင်တော့ပေ။

ထင်ရှားပေါ်လွင်စေရန် ကမ္ဘာ့စစ်သမိုင်းဖြစ်စဉ်များကို တိုတိုရှင်းရှင်း အကျဉ်းချုပ်ဖော်ပြခြင်းပင်။ မိမိတို့မိတ်ဆွေဟောင်း၊ ငယ်သူငယ်ချင်းများမှာ ဝေးကွာခွဲခွာ၊ မတွေ့ကြရသည်မှာ မေ့လောက်အောင်ကြာခဲ့ပြီဖြစ်ကြသော်လည်း မမျှော်လင့်ဘဲ စုစုစည်းစည်း ပြန်လည်တွေ့ဆုံကြရသောအခါ အလွန်တရာ ပျော်ရွှင်ဝမ်းသာမိကြပါသည်။ စိတ်ကူးပေါ်ရာ စကားတွေပြောဖြစ်ကြသည်။

"မင်းက ဘယ်ကရှာရှာပြီး ကူးချ ဘာသာပြန်နေတာတွေလဲ မသိဘူး။ ခေါင်းဆောင်မှုအကြောင်းတွေကို အများကြီးရေးနိုင်တာတွေ့ရတယ်"

"မင်း ဖတ်မိသလား"

"မင်းက စာအုပ်လက်ဆောင်ပေးဖို့ သတိမရပေမယ့် ကိုယ်က ဝယ်ဖတ်ပြီး အားပေးနေပါတယ်ဟ"

"ဟော့... ဆရာချစ်က ကုန်ကြမ်းတွေ အများကြီးပေါ့ သူငယ်ချင်းရ၊ ဒီကောင်က Staff College မှာ နည်းပြ ငါးနှစ်လုပ်ခဲ့ရတာလေ"

"သိပါတယ်။ သူက နိုင်ငံခြားတောင် ပညာတော်သင် တစ်နှစ်သွားရသေးတဲ့ကောင်၊ မခေဘူး"

"ဒါကြောင့် ကူးတဲ့နေရာမှာတော့ ဇနကမင်းသားအတိုင်းပဲဟော့။ တော်တော်ရေးနိုင်တဲ့မောင်"။

သူငယ်ချင်းတွေက မြှောက်ပင့်ပေးသဖြင့် မိမိကလည်း ကြုံတုန်းကြုံခိုက် လက်ချာတွေရိုက်လေသည်။ နားထောင်သူက နားထောင်၊ လှောင်သူကလှောင်၊ လောင်သူကလောင်နှင့် စိတ်ဝင်တစား နားထောင်နေသူနှစ်ဦး သုံးဦးကို ကံကောင်းနည်း၊ လက်ဆောင်၊ အောင်မြင်ရေးအခြေခံဥပဒေသကို (ထုံးစံအတိုင်း အမှတ်စဉ်ထိုး၍) အနှစ်ချုပ်ပြောပြနေမိပါသေး၏။ (ကျောင်းဆရာအကျင့်က မကုန်ချင်သေးပေ)

၁။ ပြင်းထန်ထက်သန်သော အောင်လိုစိတ်
၂။ ယုံကြည်စွဲမြဲမှု
၃။ မိမိကိုယ်ကို(အကြံပေးလမ်းညွှန်)ညွှန်းခြင်း
၄။ အထူးပြုကျွမ်းကျင် ဗဟုသုတရှိရခြင်း
၅။ စိတ်ကူးစိတ်သန်းရှိရခြင်း(အတုယူတတ်ခြင်း)
၆။ စနစ်တကျဖွဲ့စည်းသည့် စီမံချက်
၇။ ဆုံးဖြတ်ချက်
၈။ ဇွဲ
၉။ ကျွမ်းကျင်အုပ်စု၏ဦးနှောက်စွမ်းအား
၁၀။ ပြောင်းလဲနိုင်စွမ်းရှိခြင်း
၁၁။ မသိစိတ်အရ ရှေ့ဆက်ခြင်း
၁၂။ ဦးနှောက် (The Brain)
၁၃။ ဆဋ္ဌမအာရုံ (Sixth Sense)

အင်္ဂလိပ်လို ဖတ်ထားမှတ်ထားခဲ့ခြင်းအား မိမိနားလည်သလို သူတစ်ပါးနားလည်အောင် အနှစ်ချုပ်ကြိုးစားပြီး ဆွေးနွေးရာ စိတ်ဝင်တစား နားထောင်ကြသူလည်းပါသဖြင့် ဝမ်းသာရပါသည်။ သူတို့က ဖြန့်ဝေပြန့်ပွားနိုင်ကြသူများဖြစ်လေသည်။ ဆရာလုပ်ခြင်းမဟုတ်ဘဲ စေတနာအရင်းခံဖြင့် ပြောနေကြောင်း သဘောပေါက်ကြပေသည်။

"မင်းကို ငါတစ်ခု မေးစရာရှိတယ်"

"ပြောလေ"

"မင်းရေးတဲ့စာအုပ်တစ်အုပ်ထဲမှာ ဗိုလ်ငါးပါးဆိုတာပါဖူးခဲ့တယ်။ မှတ်မိလား"

"ရေးဖူးတာ မှတ်မိပါတယ်။ ဘယ်တုန်းက ဘယ်စာအုပ်ထဲမှာလဲတော့ မမှတ်မိတော့ပါဘူး"

"ကိစ္စမရှိဘူး။ ငါမေးချင်တာက ဗိုလ်ငါးပါးထဲမှာ ဘယ်ဟာက အရေးအကြီးဆုံးလဲ"

မိမိမစဉ်းစားဖူးသဖြင့် ဗိုလ်ငါးပါး၏ သဘာဝနှင့်တန်ဖိုး၊ နေရာ၊ အင်အား၊ နှိုင်းယှဉ်ချိန်ဆကြည့်မိပါသည်။ အဖြေမှန် ဘာဖြစ်မလဲ ကြိုတင်သိရှိမထားခဲ့ပေ။ ဗိုလ်ငါးပါးကို မည်ကဲ့သို့ ဝါစဉ်ရှိထားသည်ကိုလည်း မမှတ်မိတော့ပါ။ မိမိကျက်မှတ်ထားသည်ကတော့ သဒ္ဓါ၊ သတိ၊ သမာဓိနှင့်ဝီရိယ ပညာ ဗိုလ်ငါးဖြာဟု ဖြစ်ပါသည်။ အသံကာရန်ယူပြီး အဘိဓမ္မာစာမေးပွဲ ဖြေနိုင်ရန် ကျက်ခဲ့ခြင်းဖြစ်၍ နှစ်ပေါင်းအတော်ကြာခဲ့လေပြီ။

"ပြောလေကွာ"

"မသိဘူး သူငယ်ချင်း။ မင်းသိရင် ပြောပြစေချင်ပါတယ်"

"ဟ... ပညာစမ်းတာမဟုတ်ပါဘူး။ ငါတကယ်မသိလို့ မေးတာပါ။ အချို့က ဗိုလ်ငါးပါးဆိုတာ ဘာမှန်းတောင် မသိဘူး။ မကြားဖူးကြဘူး"

"ဒါဆိုရင် မှန်မလား၊ မှားမလား မသေချာပေမယ့် ငါ စိတ်ကူးအရ စဉ်းစားပြီးဖြေမယ်နော်"

ဘေးက မိတ်ဆွေ သူငယ်ချင်းတွေလည်း အခြားအကြောင်းတွေ စကားကျယ်ကျယ် အပြန်အလှန် အလုအယက် ပြောဆိုနေကြရာမှ ရပ်တန့်သွားသဖြင့် ငြိမ်သက်သွားကြလေသည်။

"ဗိုလ်ငါးပါးဆိုတာ စွမ်းအားကြီးမားစေတဲ့ စိတ်စေတသိက်ရဲ့ လူတိုင်းဖော်ထုတ် အသုံးချနိုင်တဲ့ ကိုယ်ပိုင် စိတ်စေတသိက် ငါးမျိုးပါပဲ။ Synergy စုပေါင်းပါဝင်မှ စွမ်းအားထွက်နိုင်တာမို့ ဘယ်ဟာက အရေးအကြီးဆုံးလဲဆိုတာက ဖြေဆိုသူရဲ့ ရွေးချယ်အလေးပေးမှုအပေါ်ပဲ မူတည်မယ်ထင်တယ်။ (ကိုယ့်အထင်ပါ)၊ ငါးခုစလုံးဟာ အသီးသီး အရေးကြီးကြတယ်။ မပါလို့ရှိရင် စွမ်းအားအဟုန်သတ္တိ မထွက်ဘူးနော်"

အားလုံးက စိတ်ဝင်တစား နားထောင်နေကြပါသည်။

သတိဆိုတဲ့ ဗိုလ်ဟာ သဒ္ဓါနဲ့ပညာဆိုတဲ့ နှစ်ဖက်ဝိရောဓိသဘော အားပြိုင်လွန်ဆွဲခြင်းကို မလွန်အောင်၊ မလွဲအောင် ထိန်းညှိရလို့ အဓိကကျတယ်။ ဒါ့ပြင် ဝီရိယနဲ့သမာဓိဆိုတဲ့ နှစ်ဖက်အားပြိုင်တတ်တဲ့ အရာနှစ်ခုကို သတိက ချိန်သားကိုက်အောင် ညှိရတဲ့ ဆုံချက်မို့ အရေးအကြီးဆုံးဟာ နှစ်ထပ်ကွမ်းသို့မဟုတ် လေးပွင့်ဆိုင်ရဲ့ အလယ်ဗဟိုမှာ အနေအထားရှိတဲ့အတွက် အရေးအကြီးဆုံး ဆိုချင်ဆိုနိုင်တယ်။ မဂ္ဂင်ရှစ်ပါးမှာလည်း သမ္မာသတိရှိပြီးမှ နောက်ဆုံး သမ္မာသမာဓိရောက်ရှိစေတာမို့ သတိဟာ သော့ချက်အနေနဲ့ ယူချင်ယူနိုင်ပါတယ်။ ဘာသာရေးစာပေ မနှံ့စပ်ဘဲနဲ့ မိမိအမြင်အတိုင်းပဲ သူငယ်ချင်းမေးတာကို ဖြေရရင်တော့ ပညာဗိုလ်ဟာအရေးအကြီးဆုံးလို့ ကိုယ်က ဖြေလိုက်ချင်တာပဲ။

မိတ်ဆွေသူငယ်ချင်းများထဲက ဘယ်သူမှဒါကို ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းမပြုကြပါ။ သူတို့လည်း ဒါကို မသဲကွဲဟုထင်ရပါသည်။ ပရိယတ္တိကျွမ်းကျင်သည့် ဆရာတော် သံဃာတော်ကြီးများထံ မေးလျှောက်ကြည့်ရပါဦးမည်။ ထင်မြင်ယူဆချက်သည် အတည်မယူနိုင်ပေ။

စာရေးသူတို့အသက်အရွယ်က သွားကျိုး၊ ဆံဖြူ၊ မျက်စိမှုန်မှိုင်း၊ နားလည်းထိုင်းပြီ။ ခါးကိုင်းလုသော ၇၀ ကျော်၊ ပျော်ရာမှာမနေရ တော်ရာမှာသာနေရသည့်ဘဝဝယ် ယောနိသောမနသီကာရဖြင့် နေကြစဉ်တွင် ငယ်ပေါင်းရောင်းရင်း သူငယ်ချင်းမိတ်ဆွေတွေနှင့် စိတ်တူကိုယ်တူ စကားတွေ သောသောညံအောင် ပြောဆိုခဲ့ရခြင်းက ဝမ်းသာကြည်နူးစရာ အမှတ်တရပါတည်း။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၆-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မင်းကင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မင်းကင်း ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် စပါး ၃၅၆၃ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၅၇၂ ကေထိ စိုက်ပျိုးနိုင်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"မင်းကင်းမြို့နယ်အတွင်း ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါး ၃၅၆၃ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၅၇၂ ကေစိုက်ပျိုးနိုင်လို့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာနဲ့ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးလုပ်ငန်း၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် နွေစပါးအထွက်နှုန်း ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကလေးခရိုင် မင်းကင်းမြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## တပ်ကုန်းမြို့နယ် ပန်းညိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေး

**နေပြည်တော် ဇွန် ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပန်ကျေးရွာအုပ်စု ပန်းညိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို အဆိုပါကျေးရွာ၌ ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပန်းညိုကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၇၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၇၅ သိန်းကို တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**

## ကိုယ့်နိုင်ငံ ကိုယ်ချစ်ပါ

– ကိုယ့်နိုင်ငံ ကိုယ်ချစ်ပါ၊
စွမ်းနိုင်ရာ တစ်ဖက်တစ်လမ်းက
ဝန်ထမ်းစေကာ၊
ဖွံ့ဖြိုးလို့ တိုးတက်ရာ
ပြည်မြန်မာ နယ်တစ်ဝန်း၊
ရေမြေသယံဇာတ
လှပဖြစ်ထွန်း။

– ကိုယ့်နိုင်ငံ ကိုယ်ချစ်ပါ၊
ပြည်သူတွေ ချစ်ကြည်ပြီး
စည်းလုံးညီညာ၊
ထားရှိကြ ရွှေမေတ္တာ
အပြစ်လွှာ ပယ်ကာပျောက်၊
တို့နိုင်ငံ တိုးပွားဖို့
ကြိုးစားတည်ဆောက်။

– ကိုယ့်နိုင်ငံ ကိုယ်ချစ်ပါ၊
တိုင်းရင်းသား ညီအစ်ကိုမောင်နှမ
ချမ်းမြကြည်သာ၊
ဖွဲ့ လှဲ့လ ဝီရိယဖြာ
ရှိကြပါ သိတရား၊
ဒုစရိုက် အမှောင်ခင်း
ရှောင်ကွင်းလို့သွား။

– ကိုယ့်နိုင်ငံ ကိုယ်ချစ်ပါ၊
တစ်ဦးအပေါ် တစ်ဦးက
ဖေးမကူကာ၊
ရည်ရွယ်ထား ဘဝတာ
အလှဖြာစေဖို့ရေး၊
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတွက်
ကြိုးစားကြလေး။ ။

**အဝေရာကိုကို**

# နိုင်ငံတကာ သတင်းများ

## သမ္မတများ၏အာဏာကိုကန့်သတ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် တောင်ကိုရီးယားလွှတ်တော်ဥက္ကဋ္ဌ အဆိုပြု

ဆိုးလ် ဧပြီ ၆

သမ္မတများ၏အာဏာကိုကန့်သတ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် တောင်ကိုရီးယားလွှတ်တော်ဥက္ကဋ္ဌက ယနေ့တွင် အဆိုပြုထားကြောင်း သိရသည်။

စစ်အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းရန် ကြိုးပမ်းမှုဖြင့် သမ္မတယွန်းဆွတ်ယိုး ရာထူးမှဖယ်ရှားခံရပြီးနောက် သမ္မတများ၏အာဏာကို ကန့်သတ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် တောင်ကိုရီးယား ပြည်သူများက လိုလားကြကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဝူဝန်ရှစ်ခ်က သတင်းစာရှင်းလင်းပွဲတစ်ခု၌ ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ဖြစ်ရာ သမ္မတများ၏ အာဏာကို ကန့်သတ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် မိမိအဆိုပြုလိုကြောင်း တောင်ကိုရီးယား လွှတ်တော်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

သမ္မတအာဏာကန့်သတ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးအတွက် လူထုဆန္ဒခံယူပွဲတစ်ခုကို သမ္မတရွေးကောက်ပွဲနှင့်အပြိုင် ကျင်းပသင့်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုထားခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက သမ္မတယွန်းဆွတ်ယိုးကို ရာထူးမှဖယ်ရှားခဲ့ပြီးနောက် လာမည့် ရက်ပေါင်း ၆၀ အတွင်း သမ္မတရွေးကောက်ပွဲကို ကျင်းပရမည်ဖြစ်သည်။

တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးသည် သမ္မတယွန်းဆွတ်ယိုးကို စစ်အုပ်ချုပ်ရေးဥပဒေကြေညာခဲ့မှုဖြင့် ရာထူးမှဖယ်ရှားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO




## တောင်ကိုရီးယား၌ တောမီးငြိမ်းသတ်စဉ် ရဟတ်ယာဉ်တစ်စင်း ပျက်ကျ

ဆိုးလ် ဧပြီ ၆

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း၌ ယနေ့တွင် တောမီးငြိမ်းသတ်နေသော ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ရဟတ်ယာဉ်မှူးသေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ ရဟတ်ယာဉ်သည် ဒေဂူးမြို့အနီး တောင်ကုန်းတစ်ခုပေါ်၌ လောင်ကျွမ်းနေသော တောမီးကိုငြိမ်းသတ်စဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

သို့သော် ရဟတ်ယာဉ်ပျက်ကျရခြင်း အကြောင်းရင်းကို မသိရသေးကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားထားသည်။

ပျက်ကျခဲ့သော မီးသတ်ရဟတ်ယာဉ်ပေါ်တွင် ရဟတ်ယာဉ်မှူး တစ်ဦးသာ လိုက်ပါသွားကြောင်း ဒေဂူးမြို့ တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

အဆိုပါ ရဟတ်ယာဉ်သည် ပြီးခဲ့သည့်လအတွင်း စတင်ခဲ့သော တောမီးများကို ထိန်းချုပ်ရန်ကြိုးစားစဉ် ပျက်ကျခဲ့သော ဒုတိယမြောက် ရဟတ်ယာဉ်ဖြစ်သည်။

၎င်းတောမီးများကြောင့်လူဦးရေ ၃၀ သေဆုံး၍ သစ်တောမြေ ဟက်တာ ၄၈၀၀၀ ကျော် ပျက်စီးခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဝါရှင်တန်နှင့် အခြားမြို့တော်ကြီးများ၌ဆန္ဒပြသမားရာပေါင်းများစွာတို့က သမ္မတဒေါ်နယ်ထရန့်နှင့် အီလွန်မက်စ်တို့ကို ဆန္ဒပြ




နယူးယောက် ဧပြီ ၆

ဝါရှင်တန်မြို့တော်နှင့် အခြားအမေရိကန် မြို့တော်ကြီးများ၌ ယနေ့တွင် ဆန္ဒပြသမား ရာပေါင်းများစွာတို့ စုဝေး၍ အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်နှင့် တက်စလာကုမ္ပဏီအကြီးအကဲ အီလွန်မက်စ်တို့ကို ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

သမ္မတ ဒေါ်နယ်ထရန့် ဆန့်ကျင်ရေးဆန္ဒပြပွဲ ၁၂၀၀ ကျော်ကို ဧပြီ ၅ ရက် တစ်ရက်တည်းတွင် အမေရိကန် နိုင်ငံတစ်ဝန်းလုံး၌ ကျင်းပရန် ဆန္ဒပြပွဲဦးဆောင်သူများက ရည်မှန်းထားသည်။

ဧပြီ ၅ ရက် ဆန္ဒပြပွဲများတွင် ဆန္ဒပြသမားများက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ လူဝင်မှုဝါဒအပါအဝင် မူဝါဒများကို ဝေဖန်ရှုတ်ချခဲ့ကြသည်။

ဝါရှင်တန်ဒီစီမြို့တော်၌ ကျင်းပခဲ့သော သမ္မတဒေါ်နယ်ထရန့်ဆန့်ကျင်ရေးဆန္ဒပြပွဲများတွင် လူဦးရေ ၂၀၀၀၀ ကျော် ပါဝင်ခဲ့ကြကြောင်း ပွဲစီစဉ်သူများက ပြောကြားထားကြောင်း သိရသည်။

သမ္မတဒေါ်နယ်ထရန့် ဆန့်ကျင်ရေးဆန္ဒပြပွဲများသည် ဧပြီ ၅ ရက်တွင် အမေရိကန်နိုင်ငံတစ်ဝန်းလုံးသာမက မက္ကဆီကို၊ ကနေဒါနှင့် ဥရောပနိုင်ငံများရှိ မြို့တော်ကြီးများတွင်လည်း ဖြစ်ပွားခဲ့သည်။

ထို့ပြင် သမ္မတဒေါ်နယ်ထရန့်၏ ဝက်ပမ်းဘိချ် အပန်းဖြေစခန်းအနီးတွင်လည်း ဆန္ဒပြသမားဦးရေ ၄၀၀ ခန့်စုဝေး၍ ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## မြောက်ကိုရီးယား၌ ပြုံယမ်း နိုင်ငံတကာမာရသွန်ပြိုင်ပွဲ ကျင်းပ

ပြုံယမ်း ဧပြီ ၆

မြောက်ကိုရီးယားနိုင်ငံသည် ယနေ့တွင် ပြုံယမ်း နိုင်ငံတကာ မာရသွန်ပြိုင်ပွဲကို ပြုံယမ်းမြို့တော်၌ ကျင်းပခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ပြုံယမ်း နိုင်ငံတကာမာရသွန်ပြိုင်ပွဲတွင် တရုတ်၊ ရိုမေးနီးယားနှင့် အခြားနိုင်ငံများမှ မာရသွန်အပြေးသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာန၏ အဆိုအရ သိရသည်။

ပြုံယမ်းနိုင်ငံတကာမာရသွန်ပြိုင်ပွဲတွင် နိုင်ငံတကာအပြေးသမား ဦးရေ ၂၀၀ ခန့် ပါဝင်ခဲ့ကြကြောင်း ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ယနေ့ ပြုံယမ်းနိုင်ငံတကာ မာရသွန်ပြိုင်ပွဲသည်မြောက်ကိုရီးယားနိုင်ငံက ခြောက်နှစ်တာကာလအတွင်း ပထမဆုံးကျင်းပခဲ့သော မာရသွန်ပြိုင်ပွဲဖြစ်သည်။

ထို့ပြင် ယနေ့ပြုံယမ်းမာရသွန်ပြိုင်ပွဲကို တရုတ်အခြေစိုက် ကော်ယို ခရီးသွားလာရေးလုပ်ငန်းက မြောက်ကိုရီးယားတာဝန်ရှိသူများ နှင့် ပူးပေါင်းစီစဉ်ခဲ့ခြင်းဖြစ်သည်။

ပြုံယမ်း နိုင်ငံတကာပြိုင်ပွဲသည် လက်ရှိမြောက်ကိုရီးယား ခေါင်းဆောင်၏ ကွယ်လွန်သွားပြီဖြစ်သောအဘိုးဖြစ်သူ ကင်အီလ်ဆွန်း၏ ဧပြီ ၁၅ ရက်တွင်ကျရောက်မည့် မွေးနေ့ပွဲအထိမ်းအမှတ်အဖြစ် ကျင်းပနေသော ပွဲလမ်းသဘင်များ ထဲတွင် ပါဝင်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## အီရန်၏ ရီယယ်ငွေကြေးတန်ဖိုး စံချိန်တင်အနိမ့်ဆုံးအဆင့်သို့ ကျဆင်း

တီဟီရန် ဧပြီ ၆

အီရန်နိုင်ငံ၏ ရီယယ်ငွေကြေးစနစ်တန်ဖိုးသည် ဧပြီ ၅ ရက်တွင် အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ပါက စံချိန်တင် အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ကြောင်း သိရသည်။

အီရန်နှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာနေချိန်တွင် အီရန်နိုင်ငံ၏ ရီယယ်ငွေကြေးစနစ်တန်ဖိုး စံချိန်တင်ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဧပြီ ၅ ရက်က အီရန်၏ ရီယယ်ငွေကြေးစနစ် မှောင်ခိုဈေးကွက်၌ အမေရိကန်တစ်ဒေါ်လာ ရီယယ်တစ်သန်းကျော်ထိ ဈေးပေါက်ခဲ့ကြောင်း သိရသည်။



အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးတင်းမာမှုအခြေအနေကြောင့် အီရန်ရီယယ် ငွေကြေးတန်ဖိုးမှာ ဆက်လက်ကျဆင်းလာနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

အီရန်နိုင်ငံ၏ စီးပွားရေးမှာ နျူကလီးယား အစီအစဉ်ကို အကြောင်းပြု၍ နိုင်ငံတကာ ချမှတ်ကျင့်သုံးနေသော အရေးယူပိတ်ဆို့မှုများကြောင့် ဆိုးဆိုးရွားရွား ထိခိုက်ခဲ့ရသည်။

အထူးသဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အီရန်နိုင်ငံတို့ကြား ရယူထားသော နျူကလီးယားသဘောတူညီချက်မှ ၂၀၁၈ ခုနှစ်က အမေရိကန်နိုင်ငံ နုတ်ထွက်ခဲ့ပြီးနောက် အီရန်၏စီးပွားရေးအခြေအနေမှာ ပို၍ဆိုးခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ် ၂၇ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့



**ဝါရှင်တန် ဧပြီ ၆**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၇ စင်းကို ဧပြီ ၃ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဧပြီ ၅ ရက် သတင်းများအရ သိရသည်။

အဆိုပါစတားလင့်ခ်ဂြိုဟ်တု ၂၇ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ရှစ်မိနစ်ကျော်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ပိုင်းအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသော စတားလင့်ခ်ဂြိုဟ်တုများကို ကမ္ဘာ့ပတ်လမ်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ယခုနှစ်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံ မစ်ရှင်ပေါင်း ၃၈ ခု လွှတ်တင်ခဲ့ရာ သုံးပုံနှစ်ပုံကျော်မှာ စတားလင့်ခ်ဂြိုဟ်တု လွှတ်တင်ရေးမစ်ရှင်များ ဖြစ်ကြကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုပေါင်း ၈၀၀၀ ကျော် လွှတ်တင်ထားပြီး ၇၁၀၀ ကျော်မှာ လုပ်ငန်းများ လည်ပတ်ဆဲ ဂြိုဟ်တုများဖြစ်ကြကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ပုဂ္ဂလိကအာကာသယာဉ်မှူးလေးဦး လိုက်ပါလာသည့် Crew Dragon အာကာသလူသယ်ယာဉ် ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်းသို့ ပြန်လည်ဆင်းသက်နိုင်ခဲ့

**ဝါရှင်တန် ဧပြီ ၆**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီ၏Fram-2 မစ်ရှင်အရ ပုဂ္ဂလိကအာကာသယာဉ်မှူးလေးဦး လိုက်ပါလာသည့် Crew Dragon အာကာသလူသယ်ယာဉ်သည် ဧပြီ ၄ ရက်တွင် ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်းသို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း ဧပြီ ၅ ရက် သတင်းများအရ သိရသည်။

Fram-2 မစ်ရှင် Crew Dragon အာကာသလူသယ်ယာဉ်သည် ကမ္ဘာ့ပတ်လမ်းပေါ်၌ သုံးရက်ခွဲကြာ ပျံသန်းခဲ့ပြီးနောက် ပုဂ္ဂလိကအာကာသခရီးသည် လေးဦးနှင့်အတူ ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် မတ် ၃၁ ရက်တွင် Fram-2 မစ်ရှင်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့သည်။



လွှတ်တင်ပြီးနောက် Crew Dragon အာကာသလူသယ်ယာဉ်သည် ပုဂ္ဂလိက အာကာသခရီးသည်များကို ကမ္ဘာ့မြေပြင်အထက် မိုင်ပေါင်း ၂၇၁ မိုင်အကွာရှိ ဝင်ရိုးစွန်းပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။

ဝင်ရိုးစွန်းပတ်လမ်းသည် ကမ္ဘာဂြိုဟ်၏ တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းကို ဖြတ်သန်းတည်ရှိနေသော ပတ်လမ်းဖြစ်ကြောင်း သိရသည်။

Fram-2 မစ်ရှင်အတွင်း ပုဂ္ဂလိက အာကာသခရီးသည်လေးဦးသည် သိပ္ပံပညာစမ်းသပ်မှု ၂၂ ခု လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နာဆာ၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လှေ့လာရေးယာဉ် အင်္ဂါဂြိုဟ် သဲမုန်တိုင်းနှစ်ခု ပေါင်းစည်းမှုဖြစ်စဉ်ကို မှတ်တမ်းတင်နိုင်

**ဝါရှင်တန် ဧပြီ ၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် သဲမုန်တိုင်းနှစ်ခု ပေါင်းစည်းမှုဖြစ်စဉ်ကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ဧပြီ ၅ ရက် သတင်းများအရ သိရသည်။

အင်္ဂါဂြိုဟ် မျက်နှာပြင်ပေါ်၌ သဲမုန်တိုင်းနှစ်ခု ပေါင်းစည်းမှုဖြစ်စဉ်ကို ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်က ဇန်နဝါရီ ၂၆ ရက်တွင် မှတ်တမ်းရယူနိုင်ခဲ့သည်ဟု နာဆာအဖွဲ့က သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ဂျီဇီးရိုး ဥက္ကာချိုင့်ဝှမ်း အနားစွန်းနယ်မြေတွင် စူးစမ်းလေ့လာမှုများ ပြုလုပ်နေစဉ် သဲမုန်တိုင်းနှစ်ခု ပေါင်းစည်းမှုကို မှတ်တမ်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် သဲမုန်တိုင်းနှစ်ခု ပေါင်းစည်းမှုကို သုည ဒသမ ၆ မိုင်အကွာမှတစ်ဆင့် မှတ်တမ်းယူခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ အင်္ဂါဂြိုဟ်သဲမုန်တိုင်းနှစ်ခုအနက် တစ်ခုမှာ အချင်း ငါးမီတာရှိပြီး တစ်ခုမှာ အချင်း ၆၅ မီတာရှိသည်ဟု နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

အင်္ဂါဂြိုဟ် သဲမုန်တိုင်းများသည် အင်္ဂါဂြိုဟ်လေထုလွှာ၏ အခြေအနေကို ပြသနိုင်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ကိုယ်ဝန်ဆောင်စဉ် Phthalate ဓာတုပစ္စည်းနှင့် ထိတွေ့မှုကြောင့် သန္ဓေသား၏ ဦးနှောက်အပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်

**နယူးယောက် ဧပြီ ၆**

ကိုယ်ဝန်ဆောင်ထားစဉ်ကာလအတွင်း မိခင်လောင်းများအနေဖြင့် Phthalate ခေါ် ဓာတုပစ္စည်းတစ်မျိုးနှင့် ထိတွေ့မှုကြောင့် မမွေးဖွားသေးသည့်သန္ဓေသား၏ ဦးနှောက်အပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ဧပြီ ၅ ရက် သတင်းများအရ သိရသည်။

Phthalate ဓာတုပစ္စည်းများသည် အစားအသောက်ထုပ်ပိုးပစ္စည်းများနှင့် ကစားစရာအရုပ်များမှသည် ခေါင်းလျှော်ရည်ထိ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၌ တွေ့ရတတ်သော ဓာတုပစ္စည်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

အဆိုပါဓာတုပစ္စည်းများသည် အစားအစာနှင့် ရေမှတစ်ဆင့်မိခင်၏ သွေးလည်ပတ်မှုစနစ်အတွင်း ဝင်ရောက်၍ ထိုမှတစ်ဆင့် ချက်ကြိုးကိုဖြတ်ကာ ရင်သွေးဆီသို့ ဆက်လက် ရောက်ရှိသွားနိုင်ကြောင်း အမေရိကန် အမ်မိုရီ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Phthalate ဓာတုပစ္စည်းများကြောင့် ဟော်မုန်းများပုံမှန်မဟုတ်ဘဲ မြင့်တက်လာနိုင်ပြီး ဦးနှောက် အာရုံနှာဗ်ဆဲလ်များကြား သတင်းပို့ဓာတုပစ္စည်းများ ဖြတ်သန်းမှု ကမောက်ကမဖြစ်သွားနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် မိခင် ၃၆၁ ဦးနှင့် ၎င်းတို့၏ ကလေးများထံမှရရှိသော သတင်းအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## သီတင်းပတ်ကုန်ရက်များ၌ လေ့ကျင့်ခန်း ပြုလုပ်မှုက ကျန်းမာရေးအတွက် အကျိုးရှိ

**ပေကျင်း ဧပြီ ၆**

သီတင်းပတ်ကုန်ရက်များ၌ လေ့ကျင့်ခန်းပြုလုပ်မှုသည် နေ့စဉ်လေ့ကျင့်ခန်း ပြုလုပ်မှုကဲ့သို့ပင် ကျန်းမာရေးအတွက် အကျိုးရှိကြောင်း ဧပြီ ၅ ရက်သတင်းများအရ သိရသည်။

ကျန်းမာရေးကို ထိန်းထားနိုင်ရေးအတွက် နေ့စဉ်အချိန်မပေးနိုင်သူများအနေဖြင့် သီတင်းပတ်ကုန်ရက်များ၌ လေ့ကျင့်ခန်းပြုလုပ်ပါကလည်း နေ့စဉ်လေ့ကျင့်ခန်းပြုလုပ်မှုကဲ့သို့ပင် ကျန်းမာရေးအတွက် အကျိုးရှိကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သီတင်းပတ်ကုန် ရက်များ၌ အထိုက်အလျောက် အားစိုက်ရသည့်လေ့ကျင့်ခန်းများကို မိနစ် ၁၅၀ ကြာပြုလုပ်ပေးပါက နှလုံးသွေးကြောရောဂါများနှင့် ကင်ဆာရောဂါများကြောင့် သေဆုံးနိုင်ခြေလျှော့ချပေးနိုင်ကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ သီတင်းပတ်ကုန် ကာလများတွင် လေ့ကျင့်ခန်းပြုလုပ်သူများ၌ နှလုံးရောဂါများကြောင့် သေဆုံးနိုင်ခြေ ပုံမှန်ထက် ၃၁ ရာခိုင်နှုန်း ပိုနည်းကြောင်း သိရသည်။

အလားတူ သီတင်းပတ်ကုန်ရက်များ၌ လေ့ကျင့်ခန်းပြုလုပ်သူများသည် လေ့ကျင့်ခန်းမလုပ်သူများနှင့်နှိုင်းယှဉ်ပါက ကင်ဆာရောဂါများဖြစ်နိုင်ခြေ ၂၁ ရာခိုင်နှုန်း ပိုနည်းကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ် ပွဲကြိုသုံးသပ်ချက်များ

STA

**အာဆင်နယ် Vs ရီးရဲလ်မက်ဒရစ်**

ကစားမည့်ရက်/အချိန် ၉-၄-၂၀၂၅ (နံနက် ၀၁:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ရီးရဲလ်မက်ဒရစ် ၂ - ၂ အာဆင်နယ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

အာဆင်နယ် - အိမ်(နိုင်) အိမ်(နိုင်) ဝေး(သရေ)

ရီးရဲလ်မက်ဒရစ် - အိမ်(နိုင်) အိမ်(သရေ) အိမ်(ရှုံး)

အာဆင်နယ်အသင်းအတွက် အဝေးကွင်းမှာဆိုရင် မသေချာတဲ့အနေအထားကြောင့် အခုအိမ်ကွင်းမှာတော့ မဖြစ်မနေရလဒ်ကောင်းဖို့အတွက် ပြင်ဆင်လာမှာပါ။ ရီးရဲလ်မက်ဒရစ်အသင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းက မတည်မငြိမ်ဖြစ်နေပါတယ်။ ဒါ့ကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမယ့် အာဆင်နယ်အသင်းကိုပဲအားပေးရမှာပါ။

ခန့်မှန်းရလဒ် - အာဆင်နယ် ၂ - ၁ ရီးရဲလ်မက်ဒရစ်

**ဘိုင်ယန်မြူးနစ် Vs အင်တာမီလန်**

ကစားမည့်ရက်/အချိန် ၉-၄-၂၀၂၅ (နံနက် ၀၁:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘိုင်ယန်မြူးနစ် ၂ - ၀ အင်တာမီလန်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ဘိုင်ယန်မြူးနစ် - ဝေး(သရေ) အိမ်(နိုင်) ဝေး(နိုင်)

အင်တာမီလန် - အိမ်(နိုင်) ဝေး(သရေ) ဝေး(သရေ)

ဘိုင်ယန်မြူးနစ်အသင်းဟာ နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့အတွက် အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ အင်တာမီလန်အသင်းအနေနဲ့လည်း အဝေးကွင်းပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့အတွက် ခက်ခဲမှာပါ။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းရော အိမ်ရှင်အားသာချက်ပါရှိနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဘိုင်ယန်မြူးနစ် ၃ - ၁ အင်တာမီလန်

## ဖိုဖန်နာ၏ ဒဏ်ရာခွဲစိတ်မှုအောင်မြင်ခဲ့သော်လည်း ဘောလုံးရာသီကုန်ထိ အနားယူရမည်ဟု ချဲလ်ဆီးထုတ်ပြန်

လန်ဒန် ဧပြီ ၆

ချဲလ်ဆီးအသင်း ခံစစ်ကစားသမား ဖိုဖန်နာသည် တံကောက်ကြောဒဏ်ရာခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ရာ အောင်မြင့်ခဲ့သော်လည်း ဘောလုံးရာသီကုန်ထိ အသင်း၏ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အသက် ၂၄ နှစ်ရှိ ခံစစ်ကစားသမားသည် ယခင်က ကြွက်သားဒဏ်ရာကြောင့် ကာလရှည် အနားယူခဲ့ရသူဖြစ်ပြီး ဒဏ်ရာပြန်ကောင်းလာပြီးနောက်ပိုင်း အမှတ်ပေးပွဲနှစ်ပွဲကစားခွင့်ရရှိခဲ့ကာ စပါးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာ ထပ်မံရရှိခဲ့ပြီး စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ခွဲစိတ်ကုသမှု ခံယူခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် ဒဏ်ရာခွဲစိတ်ကုသမှု အောင်မြင်ခဲ့သော်လည်း ဘောလုံးရာသီကုန်ထိ အသင်း၏ပွဲစဉ်များအပါအဝင် လာမည့်ဇွန်လတွင် ကစားရမည့် ဖီဖာကလပ်ကမ္ဘာ့ဖလားပွဲစဉ်များကိုပါ လွဲချော်မည်ဖြစ်ကြောင်း ချဲလ်ဆီးအသင်းက အတည်ပြုပြောကြားခဲ့သည်။

ဖိုဖန်နာသည် ယခုနှစ်ဘောလုံးရာသီ နည်းပြမာရက်စ်ကာလက်အောက်တွင် အဓိကကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့သော်လည်း ဒဏ်ရာကြောင့် ရှန်းကန်ခဲ့ရပြီး အမှတ်ပေးပြိုင်ပွဲ ၁၄ ပွဲသာ ပါဝင်ကစားခဲ့ရသကဲ့သို့ အသင်းအနေဖြင့်လည်း အမှတ်ပေးပြိုင်ပွဲပြီးဆုံးရန် ရှစ်ပွဲအလိုတွင် ရမှတ် ၅၃ မှတ်ဖြင့် အဆင့်(၄)နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref : Espn

Trs : ML

## နော်တင်ဟမ်ကို အနိုင်ရခဲ့သည့် အေဗီလာအသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် နီးစပ်လာ



လန်ဒန် ဧပြီ ၆

ပရီးမီးယားလိဂ် ပွဲစဉ် (၃၀) အဖြစ်ကစားခဲ့သည့် အေဗီလာအသင်းနှင့် နော်တင်ဟမ်အသင်းတို့ပွဲစဉ်တွင် အေဗီလာအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သောကြောင့် အဆင့်(၆)နေရာသို့ ရောက်ရှိခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် နီးစပ်လာကြောင်း သိရသည်။

အေဗီလာအသင်းသည် လက်ရှိအမှတ်ပေးဇယားတွင် ရမှတ် ၅၁ မှတ်ဖြင့် အဆင့်(၆)နေရာတွင် ရောက်ရှိနေသော်လည်း အဆင့်(၅)မှ မန်စီးတီးအသင်းနှင့် ရမှတ်တစ်မှတ် ကွာခြားချက်ဖြင့်လည်းကောင်း၊ အဆင့်(၄)မှ ချဲလ်ဆီးအသင်းနှင့် ရမှတ်နှစ်မှတ်သာ ကွာဟနေမှုကြောင့်လည်းကောင်း ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေသဖြင့် ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာအတွက် အခွင့်အရေးရှိနေခြင်းဖြစ်သည်။

ယခုပွဲစဉ်တွင် အေဗီလာအသင်းသည် အဆင့်(၃)နေရာတွင် ရမှတ် ၅၇ မှတ်ဖြင့် ရပ်တည်နေသည့် နော်တင်ဟမ်အသင်းကို ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ထိန်းချုပ်ကစားနိုင်ခဲ့သဖြင့် ပွဲကစားချိန် ၁၃ မိနစ်တွင် ကွင်းလယ်ကစားသမား ရော်ဂျာ၊ ပွဲကစားချိန် ၁၅ မိနစ်တွင် တိုက်စစ်မှူး မာလန်းတို့၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန်တွင် အနိုင်ရလဒ်ကို ထိန်းသိမ်းနိုင်ရန် ဂါစီယာနှင့် ခံစစ်ကစားသမား ကွန်ဆာတို့ကို လူစားလဲခဲ့ပြီး ပြိုင်ပွဲကို ထိန်းချုပ်ခဲ့သောကြောင့် နော်တင်ဟမ်အသင်း ချေပဂိုးရရှိရန် ရှန်းကန်ခဲ့ရသဖြင့် ပွဲကစားချိန် ၅၇ မိနစ်ရောက်ရှိမှသာ ချေပဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

လက်ကျန်ပွဲချိန်တွင် အေဗီလာအသင်းက ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပိုမိုပြုလုပ်နိုင်ခဲ့သဖြင့် နော်တင်ဟမ်အသင်း ချေပဂိုးရရှိရန်ခက်ခဲခဲ့ပြီး နှစ်ဂိုး တစ်ဂိုးဖြင့် အေဗီလာအသင်းက နိုင်ပွဲရခဲ့ကြောင်း သိရသည်။

ယခုနှစ် ဘောလုံးရာသီတွင် ပုံစံကောင်းရရှိနေသည့် အေဗီလာအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ရလဒ်ကောင်းများ ရရှိခဲ့ပြီး လာမည့် ဗုဒ္ဓဟူးနေ့တွင် ကွာတားဖိုင်နယ်ပထမအကျော့ပွဲစဉ်အဖြစ် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## မန်ယူအသင်းက ဗယ်ဗာဒီကို ယူရို သန်း ၁၀၀ ဖြင့် ကမ်းလှမ်းရန်ပြင်ဆင်

မန်ချက်စတာ ဧပြီ ၆

မန်ယူအသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား ဗယ်ဗာဒီကို မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို သန်း ၁၀၀ ထိ ပေးချေပြီး ကမ်းလှမ်းရန်ပြင်ဆင်နေကြောင်း သိရသည်။

မန်ယူအသင်းသည် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကွင်းလယ်ပိုင်းတွင် အဲရစ်ဆင်အနေဖြင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှ ထွက်ခွာမည်ဖြစ်ပြီး ကက်စ်မဲရီးကိုလည်း ရောင်းချရန်ဆုံးဖြတ်ထားသည့်အပြင် အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်သည့် ကိုဘီမိုင်နူးကိုလည်း ထိုက်သင့်သည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချရန်ဆုံးဖြတ် ထားသည့်အတွက် အသင်းကွင်းလယ်ပိုင်းတွင် ဖာနန်ဒက်နှင့် အူဂါတီတို့နှစ်ဦးသာ ကျန်ရှိမည်ဖြစ်သည်။

မန်ယူအသင်းသည် အသင်းကွင်းလယ် အဖျက်နေရာတွင် အူဂါတီ တစ်ဦးတည်းကိုသာထားရန် ဆုံးဖြတ်ထားသည့်အတွက် အသင်းကွင်းလယ်အဖျက်ပိုင်းတွင်သာမက ခံစစ်ပိုင်းတွင်ပါ နေရာစုံကစားနိုင်သည့် ဗယ်ဗာဒီကိုခေါ်ယူရန် မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ကမ်းလှမ်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိတွင် ဗယ်ဗာဒီသည် ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ပိုင်းတွင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြသလျက်ရှိသူဖြစ်သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက လက်လွှတ်ဖွယ်မရှိသောကြောင့် မန်ယူအသင်းအတွက် ဗယ်ဗာဒီကို ခေါ်ယူရန်အတွက် ခက်ခဲဖွယ်ရှိနေသည်။




ထို့ပြင် မန်ယူအသင်းက အသင်း တိုက်စစ်ပိုင်းအတွက်လည်း အူဒီးနီစ်အသင်း တိုက်စစ်ကစားသမား လူကာကို ယူရို ၂၅ သန်းဖြင့်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## ပဲလေ့စ်အသင်းက အက်ဇီ၏ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၆၀ သတ်မှတ်

လန်ဒန် ဧပြီ ၆

ပဲလေ့စ်အသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းအသင်းကြီးများ၏ ခေါ်ယူရန်ပစ်မှတ်ထားခံနေရသည့် အသင်းတောင်ပံ တိုက်စစ်ကစားသမား အက်ဇီအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၆၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။




အသက် ၂၆ နှစ်ရှိ အက်ဇီသည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က ကျူပီအာအသင်းမှ ပဲလေ့စ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၁ ပွဲတွင် ၁၁ ဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း ၃၃ ပွဲတွင် ခြောက်ဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှု ၁၀ ကြိမ်ထိ ပြုလုပ်ထားနိုင်ခဲ့သူဖြစ်သည်။

အက်ဇီသည် ယခုနှစ်ဘောလုံးရာသီတွင် ပဲလေ့စ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့ပြီးနောက် အင်္ဂလန် လက်ရွေးစင်အသင်းတွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ခြေစွမ်းပြကစားနိုင်ခဲ့သည့်အတွက် ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

အက်ဇီကို ပြီးခဲ့သည့်ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလကတည်းက ကမ်းလှမ်းမှုများရှိခဲ့သော်လည်း ပဲလေ့စ်အသင်းက ပယ်ချခဲ့ပြီး အသင်းတွင် ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သော်လည်း လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အက်ဇီကိုယ်တိုင်ကလည်း အသင်းမှ ထွက်ခွာလိုသည့်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၆၀ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အက်ဇီကို ပရီးမီးယားလိဂ် ထိပ်တန်းအသင်းကြီးများဖြစ်သည့် လီဗာပူးအသင်းနှင့် စပါးအသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားလျက် ရှိကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်နိုင်ငံက ဖိလစ်ပိုင်သို့ F-16 တိုက်လေယာဉ်များရောင်းချပေးရန် သဘောတူခွင့်ပြုခဲ့



အမေရိကန်နိုင်ငံသည် ဖိလစ်ပိုင်သို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ F-16 တိုက်လေယာဉ်များကို ရောင်းချရန် သဘောတူခွင့်ပြုခဲ့ကြောင်း The Defense Post သတင်းဌာနက ဧပြီ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

F-16 တိုက်လေယာဉ် အစင်း ၂၀ နှင့် ဆက်စပ်ပစ္စည်းများအပါအဝင် ဖိလစ်ပိုင်နိုင်ငံသို့ ရောင်းချပေးရန် သဘောတူလိုက်သည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

ဖိလစ်ပိုင်သည် အမေရိကန်နှင့် နှစ်နိုင်ငံ ကာကွယ်ရေးအတွက် တရားဝင် စာချုပ်ချုပ်ဆိုထားသော မဟာမိတ်နိုင်ငံ တစ်နိုင်ငံလည်းဖြစ်သည်။

အဆိုပါရောင်းချမှုသည် အရှေ့တောင်အာရှဒေသတွင် နိုင်ငံရေးတည်ငြိမ်မှု၊ ငြိမ်းချမ်းရေးနှင့် စီးပွားရေးတိုးတက်မှုအတွက် အရေးပါသော အင်အားစုတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည့် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံ၏ လုံခြုံရေးကို တိုးတက်ကောင်းမွန်စေလိမ့်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

၎င်းသည် ဖိလစ်ပိုင်လေတပ်၏ ရေကြောင်းပိုင်နက်ဆိုင်ရာ ကြိုတင်သတိပေးနိုင်မှုစွမ်းရည်နှင့် ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ဦးနှိမ်ဖိဖျက်ချေမှုန်းနိုင်မှုစွမ်းရည်များ မြှင့်တင်ပေးနိုင်လိမ့်မည်ဟုလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဝယ်ယူသူမိတ်ဖက်နိုင်ငံထံမှ လက်မှတ်ရေးထိုးထားသော ကမ်းလှမ်းချက်နှင့် လက်ခံကြောင်းစာချွန်လွှာကို လက်ခံရရှိပြီးမှသာ သဘောတူညီချက်သည် အပြီးသတ်အဆင့် ရောက်ရှိမည်ဟုအမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Arsenio Andolong က ထိုကဲ့သို့သော ဆုံးဖြတ်ချက်အတွက် တရားဝင်အသိပေးချက် တစ်စုံတစ်ရာ မရရှိသေးကြောင်း ရှင်းပြခဲ့သည်။ သို့သော် ၂၀၁၆ ခုနှစ်ထိ တာဝန်ယူခဲ့သော ဖိလစ်ပိုင်သမ္မတဟောင်း Benigno Aquino လက်ထက်ကတည်းက F-16တိုက်လေယာဉ်များကိုဝယ်ယူရန် စိတ်ဝင်စားခဲ့ကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောကြားခဲ့ဖူးသည်။

ဖိလစ်ပိုင်နှင့် အမေရိကန်တို့သည် ၂၀၂၂ ခုနှစ်တွင် သမ္မတ Ferdinand Marcos တက်လာပြီးကတည်းက နှစ်နိုင်ငံ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို နက်နက်ရှိုင်းရှိုင်း အရှိန်မြှင့်တင်လုပ်ဆောင်လာခဲ့ပြီး တရုတ်၏ တောင်တရုတ်ပင်လယ်အရေး တောင်းဆိုမှုများကို တန်ပြန်ဆောင်ရွက်လာခဲ့ကြသည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံသည် ၎င်း၏ပင်လယ်ပြင်အကျိုးစီးပွားကို လုံခြုံစေရေးအတွက် အမေရိကန်နိုင်ငံထုတ် တာလတ်ပစ် Typhon ဒုံးခွင်းဒုံးစနစ်ကို ဝယ်ယူရန် စီစဉ်နေသည်ဟု သိရသည်။ ထိုသို့ဝယ်ယူခြင်းသည် ဒေသတွင်း လက်နက်ပြိုင်ဆိုင်မှုကို ဖြစ်ပေါ်စေနိုင်ကြောင်း တရုတ်က သတိပေးခဲ့သည်။

ထိုင်ဝမ်ကျွန်းကို တရုတ်နိုင်ငံမှ စစ်ရေယာဉ်များ၊ စစ်လေယာဉ်များဖြင့် ဝိုင်းရံပိတ်ဆို့၍ စစ်ရေးလေ့ကျင့်နေချိန် ဖိလစ်ပိုင်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရိုမီယိုဘရူနာက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကျွန်းကို ကျူးကျော်ဝင်ရောက်လာပါက ဖိလစ်ပိုင်နိုင်ငံသည် မလွှဲမရှောင်သာ ပါဝင်ပတ်သက်ရမည်ဟု ပြောကြားခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်က မနီလာမြို့သို့ အလည်အပတ်ခရီးစဉ်တွင် အမေရိကန် ကာကွယ်ရေးဝန်ကြီး Pete Hegseth က တရုတ်တို့၏ခြိမ်းခြောက်မှုကြောင့် အင်ဒို-ပစိဖိတ်ဒေသတွင် ဟန့်တားမှုစွမ်းရည်များ ပြန်လည်ထူထောင်ရန် ကတိပြုပြောကြားခဲ့သည်။ ထို့ပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Marco Rubio ကလည်း ဖိလစ်ပိုင်နိုင်ငံအပေါ် အမေရိကန်နိုင်ငံမှ ပံ့ပိုးပေးမည့် ကာကွယ်ရေးကတိကဝတ်များကို ထပ်လောင်းပြောကြားခဲ့ပြီး ဥရောပရှိ မဟာမိတ်နိုင်ငံများ အမေရိကန်အပေါ်မှီခိုနေခြင်းများ လျှော့ချရန်ဟူသော ထရန့်အုပ်ချုပ်ရေးအဖွဲ့၏ သတိပေးပြောဆိုထားမှုနှင့် ဆန့်ကျင်ဘက်ဖြစ်နေကြောင်း သိရသည်။

**US Approves $5.58B Fighter Jet Sale to Philippines** ကို ဘာသာပြန်ဆိုထားပါသည်။

## အစ္စရေး၏ Rafael ကုမ္ပဏီထုတ် တိုင်ဖွန်းစနစ်က သဲကန္တာရလေ့ကျင့်မှုများအတွင်း ရန်သူ့ဒရုန်းများကို အောင်မြင်စွာတိုက်ခိုက်ချေမှုန်းနိုင်ခဲ့



အစ္စရေးကာကွယ်ရေးကုမ္ပဏီ Rafael Advanced Defense Systems ၏ Typhoon 30 အဝေးထိန်းလက်နက်စနစ် (RWS)သည် သဲကန္တာရလေ့ကျင့်မှုများအတွင်း ရန်သူ့ဒရုန်းများကို အောင်မြင်စွာ တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဧပြီ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Rafael ကုမ္ပဏီသည် ၎င်း၏တိုက်ပွဲဝင် သက်သေပြထားပြီးဖြစ်သော အဝေးထိန်းလက်နက်စနစ်ဖြင့် ဖေဖော်ဝါရီလတွင် တန်ပြန်မောင်းသူမဲ့လေယာဉ်စနစ်ဆိုင်ရာ စမ်းသပ်မှုတစ်ရပ်ပြုလုပ်နိုင်ခဲ့ပြီး အကွာအဝေး အမျိုးမျိုးမှပျံသန်းဝင်ရောက်လာမည့် ဒရုန်းများ ပါဝင်လေ့ကျင့်စေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သရုပ်ပြစမ်းသပ်လေ့ကျင့်နေစဉ်အတွင်း တိုင်ဖွန်းအဝေးထိန်းလက်နက်စနစ်သည် ၎င်း၏ ပထမဆုံးအကြိမ် ပစ်လွှတ်တိုက်ခိုက်မှု၌ လွဲချော်ခဲ့သော်လည်း နောက်ဆက်တွဲ တိုက်ခိုက်မှုများဖြင့် ပစ်မှတ်ကိုအောင်မြင်စွာ ချေမှုန်းဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရေတပ်စစ်ရေယာဉ်များအတွက် မူလက ဒီဇိုင်းထုတ်ထားပြီး အလျားပေ ၂၀ ရှိ မော်ဂျူလာပလက်ဖောင်းပေါ်တွင် စနစ်ကို တပ်ဆင်ထားမှုနှင့် အသုံးချနိုင်စွမ်းကို ဖော်ထုတ်ပြသနိုင်ခဲ့သည်။ ၎င်းက ရေတပ်သင်္ဘောများတွင် ပေါင်းစည်းအသုံးပြုခြင်း အပြင် မြေပြင်သွားယာဉ်များနှင့် အခြေစိုက်အသုံးပြုခြင်းအပါအဝင် စစ်မြေပြင်များတွင် ဘက်စုံအသုံးပြုနိုင်မှု အခန်းကဏ္ဍကို မီးမောင်းထိုးပြနေခြင်းလည်း ဖြစ်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံထုတ် အဆိုပါ အဝေးထိန်းလက်နက်စနစ်တွင် အမေရိကန်နိုင်ငံ Northrop Grumman ကုမ္ပဏီထုတ် 30 mm Mk44 Bushmaster စက်သေနတ်တစ်လက် တပ်ဆင်ထားပြီး တစ်ကြိမ်လျှင် တစ်မိနစ်ပစ်နှုန်း ကျည်တောင့် ၂၀၀ ထိ ပစ်ခတ်တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။

ပလက်ဖောင်းပေါ်တွင် တပ်ဆင်ထားစဉ် အသင့်ပစ်ခတ်နိုင်သော ကျည်တောင့် ၁၉၀ နှင့် စုစုပေါင်းခဲယမ်းကျည်တောင့် ၃၈၀ အပြင် အရန်ခဲယမ်းကျည်များပါဝင်ပြီး ပစ်မှတ်အများအပြား၊ ဒရုန်းအုပ်များနှင့် လျင်မြန်စွာရွေ့လျားနေသော ရေပြင်ပစ်မှတ်များကိုပါ တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိသည်။ ထို့ပြင် ၃၀ မမ ခဲယမ်းကျည်သုံးထားသော အဝေးထိန်းလက်နက်စနစ်သည် ရာသီဥတုမရွေး ၂၄ နာရီမပြတ် စောင့်ကြည့်နိုင်မှုနှင့် တိုက်ပွဲဝင်နိုင်မှုစွမ်းရည်များဖြင့် တိကျစွာ ပစ်ခတ်တိုက်ပွဲဝင်နိုင်ရန် တည်ငြိမ်စွာ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။

ကြီးထွားလာနေသောဒရုန်း၊ မောင်းသူမဲ့လေယာဉ် အန္တရာယ်များကို အသိအမှတ်ပြုသည့်အနေဖြင့် အစ္စရေးနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ဦးဆောင်သည့် c-UAS သရုပ်ပြပွဲကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလထိ ကျင်းပပြုလုပ်ခဲ့ပြီး အစိုးရရန်ပုံငွေ အပြည့်အဝထောက်ပံ့၍ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များ ဆန်းသစ်တီထွင်ထုတ်လုပ်ရန် ပြည်တွင်းကုမ္ပဏီများကို ယှဉ်ပြိုင်စေခဲ့ခြင်းလည်းဖြစ်သည်။ Rafael ကုမ္ပဏီသည် ၎င်းတို့၏ ကိုယ်ပိုင်အဆင့်မြင့် ဒရုန်းရန်ကာကွယ်ရေး နည်းလမ်းများကို ထုတ်ဖော်ပြသထားသည့် Elbit Systems ကုမ္ပဏီနှင့် Israel Aerospace Industries ကုမ္ပဏီတို့က ယှဉ်ပြိုင်နိုင်ရန် ၎င်း၏တာလတ်ပစ် Mini Typhoon RWS စနစ်ကို မိတ်ဆက်ပြသခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

**Rafael's Typhoon System Successfully Hits Drone in Desert Drills** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ကမ္ဘာ့ကျောက်ချပ်လွှာများ၊ စစ်ကိုင်းပြတ်ရွေ့နှင့်မြန်မာ့ငလျင် (အပိုင်း-၂)

**ပါမောက္ခကိုကိုအောင်**

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လှုပ်ခဲ့ဖူးသောငလျင်များစွာတို့က အနာဂတ်ကာလတွင် မြန်မာနိုင်ငံသားအားလုံးတို့ကို မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြရန် သတိပေးထောက်ပြလျက်ရှိနေကြသည်။ မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော ငလျင်အကြိမ်ရေများစွာအနက် ထူးထူးခြားခြား ပျက်စီးဆုံးရှုံးမှုများပြားခဲ့သည့်ငလျင်အချို့ကို လေ့လာသုံးသပ်ကြည့်ရန်လိုအပ်မည်ဖြစ်သည်။

၁၇၆၂ ခုနှစ် ဧပြီ ၂ ရက်က ရခိုင်ပြည်နယ်၌ လှုပ်ခဲ့သော မာကယ်လီစကေးအဆင့် ၉ ရှိသည့် ငလျင်ကြီးသည် ရခိုင်ကမ်းခြေကုန်းမြေအစိတ်အပိုင်းတချို့ကို ပင်လယ်ရေအောက်သို့ရောက်ရှိသွားစေခဲ့သည်။ ၁၈၃၉ ခုနှစ် မတ် ၂၃ ရက်က အင်းဝ၌လှုပ်ခဲ့သောမာကယ်လီစကေးအဆင့် ၉ ရှိသည့် ငလျင်ကြီးသည် လူပေါင်း ၃၀၀ ကျော်ကို အသက်ဆုံးရှုံးစေခဲ့သည်။ အမရပူရတစ်မြို့လုံးကို ပျက်သုဉ်းစေခဲ့ပြီး ဧရာဝတီမြစ်ရေကိုပင် ခေတ္တခဏမျှပြောင်းပြန်စီးဆင်းစေခဲ့သည်။

၁၈၅၈ ခုနှစ် ဩဂုတ် ၂၄ ရက်က ပြည်မြို့၌လှုပ်ခဲ့သည့် မာကယ်လီစကေးအဆင့် ၈ ရှိသည့် ငလျင်ကြီးသည် အဆောက်အအုံများစွာတို့ကို ဖျက်ဆီးခဲ့ပြီး၊ စေတီတော်တချို့ကိုမြေခစေခဲ့သည်။ ဧရာဝတီမြစ်ရေကို တစ်ခဏမျှပြောင်းပြန်စီးဆင်းစေခဲ့ပြီး၊ မြစ်အောက်ကြမ်းပြင်များကိုလည်း အပေါ်သို့ ကြွတက်လာစေခဲ့သည်။

၁၉၃၀ ပြည့်နှစ် မေ ၅ ရက်က ပဲခူးမြို့၌ လှုပ်ခဲ့သော မာကယ်လီစကေးအဆင့် ၁၀ ရှိသည့် ငလျင်ကြီးသည် ပဲခူးတစ်မြို့လုံးကို သုသာန်တစ်စပြင်ကဲ့သို့ဖြစ်သွားစေခဲ့သည်။ အဆောက်အအုံအားလုံးနီးပါးကို ပြိုကျစေခဲ့ပြီးလူပေါင်း ၅၀၀ ကျော်ကို အသက်ဆုံးရှုံးစေခဲ့သည်။ ကမ္ဘာ့အမြင့်ဆုံးစေတီတော်မြတ်ဖြစ်သည့် ရွှေမောဓောစေတီတော်ကိုပြိုကျစေပြီး စိန်ဖူးတော်ကိုမြေခစေခဲ့သည်။

၁၉၃၂ ခုနှစ် မေ ၂၃ ရက်က ပြင်ဦးလွင်၌ လှုပ်ခဲ့သော ငလျင်ကြီးက ပြင်ဦးလွင်နှင့် ရှမ်းပြည်နယ်ကြားရှိတောင်အများအပြားကိုပြိုကျသွားစေခဲ့သည်။ အဆိုပါ အင်အားပြင်းငလျင်ကြီးသည် မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ မိတ္ထီလာ၊ မကွေး စသောမြို့များကို တုန်ခါသွားစေခဲ့ပြီး ထိုင်းနိုင်ငံမြောက်ပိုင်းထိပင် တုန်ခါမှုများ သက်ရောက်သွားခဲ့သည်။

၁၉၅၀ ပြည့်နှစ် ဩဂုတ် ၂၃ ရက်က ကချင်ပြည်နယ် ပူတာအိုး၌ လှုပ်ခဲ့သောငလျင်ကြီးသည် ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေတို့ကို တောင်မှမြောက်သို့ပြောင်းပြန် စီးဆင်းစေခဲ့သည်။ ၁၉၅၆ ခုနှစ် ဇူလိုင် ၁၆ ရက်က စစ်ကိုင်း၌လှုပ်ခဲ့သော မာကယ်လီစကေးအဆင့် ၉ ရှိသည့် ငလျင်ကြီးသည် မန္တလေးမြို့ပေါ်ရှိ အဆောက်အအုံဟောင်းများကို ပြိုကျစေခဲ့ပြီး၊ လူ ၅၀ နီးပါးကို အသက်ဆုံးရှုံးသွားစေခဲ့သည်။ အဆိုပါအင်အားပြင်း ငလျင်ကြီးက စစ်ကိုင်းတံတားကြီးကိုပါ နေရာအနည်းငယ် ရွေ့သွားစေခဲ့သည်။

၁၉၇၀ ပြည့်နှစ် စက်တင်ဘာ ၉ ရက်က ရန်ကုန်မြို့၌လှုပ်ခဲ့သည့် မာကယ်လီစကေးအဆင့် ၇ ခန့်ရှိသည့် ငလျင်ကြီးက တိုက်တာအဆောက်အအုံ ၆၀ ကျော်ကို ကွဲအက်သွားစေခဲ့ပြီး၊ လူ ၄ ဦးကိုဒဏ်ရာရရှိစေခဲ့သည်။ ကမ္ဘာ့အထင်ရှားဆုံး စေတီတော်မြတ်ဖြစ်သည့် ရွှေတိဂုံစေတီ၏စိန်ဖူးတော်ကိုပါ ယိုင်နဲ့သွားစေခဲ့သည်။ ထိုငလျင်မတိုင်မီ အကြိုငလျင်ငယ်များနှင့် နောက်ဆက်တွဲငလျင်ငယ်များ အကြိမ်ရေများစွာလှုပ်ခဲ့သည်။

၁၉၇၅ ခုနှစ် ဇူလိုင် ၈ ရက်က ပုဂံညောင်ဦးဒေသ၌ ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိသည့် ငလျင်လှုပ်ခတ်ခဲ့သည်။ အဆိုပါငလျင်က လူနှစ်ဦးမျှကိုသာအသက်ဆုံးရှုံးစေခဲ့သော်လည်း တန်ဖိုးမဖြတ်နိုင်သော ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စေတီပုထိုးများကို မြေခစေခဲ့သည့်အတွက် ကမ္ဘာကျော်လူသိများသော ငလျင်တစ်ခုဖြစ်ခဲ့သည်။ အဆိုပါငလျင်သည် ဧရာဝတီမြစ်ရေစီးဆင်းနေမှုကို ခေတ္တတုံ့ဆိုင်းသွားစေခဲ့ပြီး မင်းဘူးရွှံ့မီးတောင်အနီးရှိ ကျောက်ခင်းလမ်းမကြီးကိုနှစ်ပေခန့်မြင့်တက်သွားစေခဲ့သည်။



ငလျင်ကြောင့်အက်ကွဲနေသော နေပြည်တော်ရှိလမ်းတစ်နေရာကိုတွေ့ရစဉ်။

**၂၀၂၅ ခုနှစ် မတ် ၂၈ ရက် သောကြာနေ့ မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်အချိန်က မန္တလေးမြေငလျင်စခန်း၏အရှေ့မြောက်ဘက်၂၁ ကီလိုမီတာခန့်အကွာ၊ မန္တလေးမြို့၏အရှေ့မြောက် ၂၀ ကီလိုမီတာခန့်အကွာ၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၀၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၃ ဒီဂရီတည်နေရာ၌ မြေအောက်အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၇ ဒသမ ၇ ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြီးတစ်ခုလှုပ်ခတ်ခဲ့သည်။** ၎င်းမတ် ၂၈ ရက် တစ်ရက်တည်းမှာပင် ပြင်းအားရစ်ချ်တာစကေး ၂ ဒသမ ၈ မှ ၇ ဒသမ ၅ ထိရှိသော နောက်ဆက်တွဲငလျင်များက နာရီခြားပြီးဆက်လက်လှုပ်ခတ်ခဲ့သလို၊ မတ် ၂၈ ရက်မှ မတ် ၃၁ ရက်ထိ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့မြောက်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ပြင်းအားရစ်ချ်တာစကေး ၂ဒသမ၈မှ၇ဒသမ၅ထိရှိသောနောက်ဆက်တွဲငလျင်များက အကြိမ်ပေါင်း ၄၆ ကြိမ် တိုင်လှုပ်ခတ်ခဲ့သည်။

၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီးသည် Super Shear Rupture အမျိုးအစားဖြစ်ပြီး အဆိုပါငလျင်ကြီး၏ ယွင်းလှိုင်းအမြန်နှုန်းက တစ်နာရီလျင် ကီလိုမီတာ ၂၀၀၀၀ ခန့်ထိ မြန်ဆန်လွန်းလှသည့်အတွက် သာမန်ဖြစ်ရိုးဖြစ်စဉ် ငလျင်များထက် ပျက်စီးဆုံးရှုံးမှု ပိုမိုများပြားခဲ့ကာ၊ မြေမျက်နှာပြင်အက်ကွဲကြောင်းကြီးများ များစွာဖြစ်ပေါ်ခြင်း၊ မြေပြင်မှသဲများပန်းထွက်ခြင်း စသည်တို့ကို ကြုံတွေ့ခဲ့ရသည်။

စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီးကို အခြေပြုသည့် အင်အားကြီးမားသော ငလျင်ကြီးများလှုပ်ခတ်သည့်အခါ ပြတ်ရွေ့ကြောင်းများ ဖြတ်သန်းတည်ရှိရာနေရာများဖြစ်ကြသော မန္တလေးဒေသ၏ အရှေ့ဘက်နေရာများ၊ ပဲခူးဒေသ၏၊ အရှေ့ဘက်နေရာများ၊ ချင်းတောင်တန်းဒေသ၏ မြောက်ဘက်နေရာများနှင့်စစ်ကိုင်းဒေသ၏ မြောက်ဘက်နေရာများမှာ ငလျင်လှိုင်းများ၏ ရိုက်ခတ်မှုဒဏ်ကို ပြင်းထန်စွာခံစားရနိုင်ခြေရှိသည်။ သို့ဖြစ်၍ ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ ပျဉ်းမနား၊ သာစည်၊ သဲတော၊ ဝမ်းတွင်း၊ မန္တလေးနှင့် စစ်ကိုင်းစသော မြို့ကြီးများနှင့် တကောင်း၊ သပိတ်ကျင်း၊ ပူတာအို၊ ဟုမ္မလင်း၊ ကလေးဝစသော မြို့ငယ်များမှာ ငလျင်၏ရိုက်ခတ်မှုဒဏ်ကို သိသာစွာခံစားရနိုင်သည့် အခွင့်အလမ်းပို၍ရှိနေသည်။

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မြန်မာ့ငလျင်ကြီးသည် ဂျပန်နိုင်ငံ ကိုဘေးမြို့ပျက်ငလျင်၊ ဟေတီနိုင်ငံ ပေါ်တိုပရင့်မြို့ပျက်ငလျင်၊ အမေရိကန်နိုင်ငံ၊ လော့စ်အိန်ဂျလိစ်မြို့ပျက်ငလျင်တို့နှင့်တန်းတူနီးပါးဖြစ်ပြီး၊ အဆိုပါငလျင်များထက် ပို၍ထူးခြားသည့်အချက်မှာ ၂၀၂၅ ခုနှစ် ဧပြီ ၅ ရက် မွန်းလွဲပိုင်းအချိန်ထိ နောက်ဆက်တွဲငလျင် အကြိမ် ၈၀ နီးပါးလှုပ်ခတ်ခဲ့ခြင်းပင်ဖြစ်သည်။

နေပြည်တော်၊ စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့သည် စစ်ကိုင်းပြတ်ရွေ့ကြောင်းနှင့် အလွန်နီးကပ်သော မြို့များဖြစ်ကြသည့်အားလျော်စွာ၊ မတ် ၂၈ ရက် ပင်မငလျင်ကြီးနှင့် နောက်ဆက်တွဲ ငလျင်တို့၏ဒဏ်ကို အပြင်းထန်ဆုံး ခံစားခဲ့ကြရခြင်းဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့သည် စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီးမှ ပျမ်းမျှအားဖြင့် ၄ ကီလိုမီတာမှ ၁၁ ကီလိုမီတာခန့်ထိသာ ကွာဝေးကြသည်။

၁၉၉၄ ခုနှစ်က အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ကြီးကို ပျက်သုဉ်းသွားစေခဲ့သော ကယ်လီဖိုးနီးယားငလျင်ကြီးသည် ကမ္ဘာကျော်ဆန်အန်းဒရီးစ် ပြတ်ရွေ့ကြောင်းကြီး၏ လက်တက်ဖြစ်သော ပြတ်ရွေ့ကြောင်းငယ်တစ်ခုကို ဗဟိုပြုကာ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ လော့စ်အိန်ဂျလိစ်မြို့သည် ဆန်အန်းဒရီးစ်ပြတ်ရွေ့ကြောင်းကြီးနှင့် ကီလိုမီတာ ၅၀ ခန့်သာ ကွာဝေးသည့်အတွက် လော့စ်အိန်ဂျလိစ်တစ်မြို့လုံးနီးပါး ပျက်စီးသွားခဲ့ရခြင်းဖြစ်သည်။ အဆိုပါဖြစ်ရပ်ကြီးနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက စစ်ကိုင်းပြတ်ရွေ့ကြောင်းနှင့် လွန်စွာနီးကပ်နေကြသည့် နေပြည်တော်မြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၏ ထိခိုက်ပျက်စီးမှုများမှာ လျော့ပါးသက်သာသည်ဟုပင် ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့၏မြို့လယ်ကောင်နေရာများ ဖြစ်ကြသော လသာမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်နှင့် ဒဂုံမြို့နယ်တို့မှာ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီးမှ ပျမ်းမျှအားဖြင့် ၄၅ ကီလိုမီတာခန့်ထိ ကွာဝေးကြသော်လည်း ထပ်မံတိုးချဲ့ခဲ့သည့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်နှင့် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်တို့သည် စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီးနှင့် ပိုမိုနီးကပ်နေကြပြီး စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီးမှ ပျမ်းမျှအားဖြင့် ၂၇ ကီလိုမီတာခန့်သာကွာဝေးကြသည်။ အဆိုပါ တိုးချဲ့မြို့သစ်မြို့နယ်များသည် မြေသားကျစ်လျစ်မှုအားနည်းသော မြေပျော့မြေများသာ ဖြစ်ကြသည့်အတွက် စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီးကို အခြေပြုပြီး လှုပ်ခတ်သည့်ငလျင်များ၏ သက်ရောက်မှုကို အထက်ဖော်ပြပါ ရန်ကုန်မြို့လယ်ကောင်ရှိမြို့နယ်များထက် ပို၍သိသာစွာ ခံစားရနိုင်ခြေရှိနေကြသည်။

# အင်းတော်မြို့နယ်တွင် မြေပဲကေ ၂၃၇၀၀ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီး၊ တစ်ကေလျှင် ၇၀ ဒသမ ၇၅ တင်း ထွက်ရှိ

**အင်းတော် ဧပြီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေ ၂၃၇၀၀ နုတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၂၃၇၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်၍ နုတ်သိမ်းခဲ့ကြရာ ယနေ့ထိ ရာနှုန်းပြည့်ကေနုတ်သိမ်းပြီးစီးနေပြီး တစ်ကေလျှင် ၇၀ ဒသမ ၇၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"အင်းတော်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲကေ ၂၃၇၀၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိချိန်မှာတော့ ကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့တယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်လာပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်ကပြောသည်။

အင်းတော်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ကေစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် မြေပဲ စိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်းကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး လူမှုဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့်ဖြစ်သောကြောင့် မြေပဲကိုအထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးသိရသည်။ (၂၀၆)

# သရုပ်ဆောင် နေမင်းနှင့် တေးသံရှင် ဖြိုးမြတ်အောင်တို့က ငလျင်ဒဏ်ခံစားရသည့် တံတားဦးမြို့နှင့် အင်းဝမြို့ရှိပြည်သူများအား အလှူငွေများ လှူဒါန်း



ရန်ကုန် ဧပြီ ၆

သရုပ်ဆောင် နေမင်းနှင့် တေးသံရှင် ဖြိုးမြတ်အောင်တို့က ငလျင်ဒဏ်ခံစားရသည့် မန္တလေး တံတားဦးမြို့နှင့် အင်းဝမြို့ရှိ ပြည်သူများအား အလှူငွေများ ဧပြီ ၅ ရက်က အင်းဝမြို့သို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် နေမင်းထံမှ သိရသည်။

သရုပ်ဆောင် နေမင်းနှင့် တေးသံရှင် ဖြိုးမြတ်အောင်တို့က တံတားဦးမြို့နှင့် အင်းဝမြို့သို့ သွားရောက်ခဲ့ပြီး တံတားဦးမြို့တွင် ငလျင်ဘေးကြောင့် ဒဏ်ရာပြင်းထန်သူ ကိုးဦးနှင့် ခါးရိုးထိခိုက်သူ တစ်ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် ငွေကျပ် သိန်း ၅၀၊ တံတားဦးဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် လူနာ ၂၇ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၇ သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ငလျင်ကြောင့် ပြင်းထန်စွာခံစားနေရတဲ့ မိဘပြည်သူတွေတွေ့ရတာ တော်တော်ကိုစိတ်မကောင်းဖြစ်ပြီး စိတ်ထိခိုက်ရပါတယ်။ ပါဝင်ပြီး ကူညီနိုင်လို့လဲပီတိဖြစ်ရပါတယ်။ ကိုယ်တိုင်ကိုယ်ကျ အကူအညီအရောက်နည်းတဲ့ မန္တလေးအတွင်းမှာရှိတဲ့ မြို့နယ်ဆေးရုံတွေနဲ့ ကျေးရွာတွေကိုလဲ ဆက်လက်သွားရောက်လှူဒါန်းနေပါတယ်"ဟု သရုပ်ဆောင် နေမင်းက ပြောပြသည်။

အလားတူ အင်းဝမြို့တွင် ငလျင်ဒဏ်ကြောင့် နေအိမ်ပျက်စီးသည့် မိသားစု ၁၅ စုအတွက် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၄၅ သိန်း၊ ထိခိုက်ဒဏ်ရာပြင်းထန်သူ သုံးဦးကို ငွေကျပ် သုံးသိန်းနှုန်းဖြင့် ငွေကျပ်ကိုးသိန်း၊ ငလျင်ဘေးမှထိခိုက်ဒဏ်ရာပြင်းထန်စွာဖြင့် လွတ်မြောက်လာသူ သုံးဦးအား ငွေကျပ် ၁၅ သိန်း၊ ဆေးရုံတက်ဆေးကုသမှုများနှင့်သေဆုံးခဲ့သူများအား အလှူငွေ သိန်း ၃၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ ASH

# အမွေဆိုင်ဇနီးများရုပ်ရှင်ဇာတ်ကား ရုံတင်ပြသရငွေများကို ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေအဖြစ် လှူဒါန်းသွားမည်

ရန်ကုန် ဧပြီ ၆

အမွေဆိုင်ဇနီးများ ရုပ်ရှင်ဇာတ်ကားကို ဧပြီ ၁၇ ရက်တွင် ရုံတင်ပြသမည်ဖြစ်ပြီး ရုံတင်ပြသရငွေများကို ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေအဖြစ် လှူဒါန်းမည်ဖြစ်ကြောင်း သရုပ်ဆောင် မင်းဦးထံမှ သိရသည်။

အမွေဆိုင်ဇနီးများ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ဒါရိုက်တာ မယ်မင်းဘုံက ရေးသားပြီး ပုံဖော်ရိုက်ကူးထားကာ သရုပ်ဆောင် မင်းဦး၊ ကျော်ထက်အောင်၊ ညီထွဋ်ခေါင်၊ စည်သူဝင်း၊ ဟိဏ်းသီဟ၊ ချောရတနာ၊ ဖူးစုံ၊ ရွှေသမီး၊ ခြူးလေး၊ ထက်ထက်ထွန်းနှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။

"၂၀၂၅ ခုနှစ် မတ် ၂၈ ရက်မှာ လှုပ်ခတ်ခဲ့တဲ့ အင်အားပြင်းငလျင်ဒဏ်ကြောင့် မြန်မာနိုင်ငံဒေသအချို့မှာ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ အဆောက်အအုံတွေပျက်စီးဆုံးရှုံးတာတွေ ဖြစ်ပေါ်ခဲ့ရတဲ့အတွက် အမွေဆိုင်ဇနီးများ ရုပ်ရှင်အဖွဲ့သားတွေအနေနဲ့ ပြည်သူတွေနဲ့ထပ်တူ အလွန်ဝမ်းနည်းစိတ်မကောင်းဖြစ်ရပါတယ်။ အခုလိုဝမ်းနည်းဖွယ်အချိန်မှာ အမွေဆိုင်ဇနီးများ ရုပ်ရှင်အဖွဲ့သားတွေအနေနဲ့ အခုလဆန်းအတွင်းစီစဉ်ထားတဲ့ စာနယ်ဇင်းမိတ်ဆက်ပွဲကို ဖျက်သိမ်းလိုက်ပြီး အဲဒီပွဲအတွက် ကုန်ကျစရိတ်တွေကို ဆန်၊ ဆီ၊ ရေသန့်၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက် အိမ်ထောင်စု ၂၀၀ စာကို တကယ်လိုအပ်နေတဲ့နေရာတွေကို သွားရောက်လှူဒါန်းမှာဖြစ်ပါတယ်။ ရုံတင်ရက်ကိုလဲ ဧပြီ ၁၇ ရက်ထိ ရွှေ့ဆိုင်းလိုက်ပြီး ရုံတင်ပြသရငွေကို ငလျင်ဒဏ်ခံရသူတွေအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေအဖြစ် လှူဒါန်းမှာဖြစ်ပါတယ်"ဟု သရုပ်ဆောင် မင်းဦးကပြောပြသည်။ ASH



# သရုပ်ဆောင် ဖြူဖြူထွေးမိသားစုက ငလျင်ဒဏ်ခံစားခဲ့ရသည့် ကျောက်ဆည်မြို့နယ်ရှိ ပြည်သူများကို အစားအသောက်နှင့်အသုံးအဆောင်ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဧပြီ ၆

သရုပ်ဆောင် ဖြူဖြူထွေးမိသားစုက ငလျင်ဒဏ်ခံစားခဲ့ရသည့် ကျောက်ဆည်မြို့နယ်ရှိ ပြည်သူများကို ဧပြီ ၅ ရက်က ငွေကျပ် သိန်း ၅၀၀ ကျော်တန်ဖိုးရှိ အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများကိုသွားရောက်လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် ဖြူဖြူထွေးက ပြောပြ၍ သိရသည်။

ထိုသို့လှူဒါန်းရာတွင် ကျောက်ဆည်မြို့ရှိ မူကြိုကျောင်းပြိုကျပျက်စီးစဉ်ဆုံးပါးခဲ့သော ကလေးငယ်များ၏မိသားစုဝင်များအား အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများကို တစ်အိမ်ထောင်လျှင် ငွေကျပ် ငါးသိန်းစီ လှူဒါန်းခဲ့ကြောင်း သိရသည်။

"ငလျင်ဘေးသင့်ပြည်သူတွေကို ခုနစ်ရက်သားသမီးတွေနဲ့ စုပေါင်းပြီး ငွေကျပ် သိန်းပေါင်း ၅၀၀ ကျော်လှူပါမယ်။ ကျောက်ဆည်ကျောင်းကကလေးလေးတွေ ဆုံးရှုံးသွားတဲ့နေရာမှာ လှူဖြစ်ခဲ့တာပါ။ စာသင်နေတုန်းဆုံးသွားတဲ့ ကလေးငယ်များရဲ့ မိသားစုဝင်တွေကို တစ်အိမ်ထောင်ငွေကျပ် ငါးသိန်းစီလှူခဲ့တာပါ။ ကလေးတွေရဲ့ မိခင်တွေကိုကြည့်ပြီး ကိုယ်တိုင်မခံစားနိုင်လို့ ငိုခဲ့မိပါတယ်"ဟု သရုပ်ဆောင်ဖြူဖြူထွေးက ပြောပြသည်။

သရုပ်ဆောင်ဖြူဖြူထွေးသည် ငလျင်ဒဏ်ခံစားရသူများကို ငွေကျပ် သိန်း ၁၀၀ ကို မတည်လှူဒါန်းခဲ့ကြောင်း၊ ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးသို့ ငွေကျပ် သိန်း ၅၀၀ ကျော်တန်ဖိုးရှိ သွားတိုက်တံ၊ အသင့်စားမုန့်၊ ငါးသေတ္တာ၊ ခေါက်ဆွဲဘူး၊ ရေသန့်၊ ကွေကာအုပ် စသည့် ပစ္စည်းများကို သွားရောက်လှူဒါန်းထားကြောင်း သိရသည်။ ASH

# Spider-Man 4 ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည် ဆိုနီကြေညာ

နယူးယောက် ဧပြီ ၆

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Spider-Man 4 ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်မှာ Spider-Man: Brand New Day ဖြစ်ကြောင်း ဧပြီ ၅ ရက် သတင်းများအရ သိရသည်။

Spider– Man 4 ဇာတ်ကား၏ တရားဝင် ဇာတ်ကားနာမည်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက မတ် ၃၁ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Spider–Man: Brand New Day ဇာတ်ကားတွင် မင်းသား တွမ်ဟော်လန်းက အဓိကဇာတ်ကောင် Spider– Man အဖြစ် သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Spider–Man: Brand New Day ဇာတ်ကားကို ဒါရိုက်တာ ဒမ်စတင်း ဒန်နီယမ်ချက်တန်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် Spider– Man: Brand New Day ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ခရစ်မက်ကင်နာက ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# Once Upon a Time in Hollywood နောက်ဆက်တွဲဇာတ်ကားသစ် ဆိုနီကုမ္ပဏီကရိုက်ကူးမည်

နယူးယောက် ဧပြီ ၆

Once Upon a Time in Hollywood ဇာတ်ကား၏နောက်ဆက်တွဲဇာတ်ကားသစ်ကို ရိုက်ကူးရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဧပြီ ၅ ရက် သတင်းများအရ သိရသည်။

Once Upon a Time in Hollywood–2 ဇာတ်ကားကို ဒါရိုက်တာဒေးဗစ်ဖင်းချားက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

မူလ Once Upon a Time in Hollywood (2019)ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ကွင်တင်တာရန်တီနိုက ရိုက်ကူးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Once Upon a Time in Hollywood–2 ဇာတ်ကားတွင် မူလဇာတ်ကားမှ မင်းသားဘရက်ပစ်နှင့် လီယိုနာဒိုဒီကာပရီယိုတို့ ပြန်လည်ပါဝင်လာဖွယ်ရှိသည်။

Once Upon a Time in Hollywood–2 အတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာကွင်တင်တာရန်တီနိုက ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါဇာတ်ကား ရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့်နေ့တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects earthquake damages in Sagaing and ongoing rehabilitation undertakings and looks into the requirements



Senior General Min Aung Hlaing inspects the extent of quake damage to a nunnery.

**Nay Pyi Taw April 6**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by wife Daw Kyu Kyu Hla, the Joint SAC Secretary and wife, SAC members, union ministers, senior military officers from Office of Commander-in-Chief, and other members of the entourage, inspected the extent of earthquake damage in Sagaing and ongoing rehabilitation undertakings this morning and attended to the needs.

At the earthquake-hit Myat Private High School, the Senior General and party inspected the debris clearing work and looked into the requirements of rescue and relief teams. They then went to No 1 Basic Education High School and examined the damaged classrooms. As regards, the reports presented by officials, the Senior General stressed the need to systematically check and record the damages and repair the ones that are in a repairable state phrase by phrase, systematically dismantle the unsafe ones and retrieve reusable items to the most possible degree and restore the repairable school buildings before the start of the new academic year, and to prioritize the building strength.

At the People's Hospital in Sagaing, the Senior General and party observed the treatment provided to patients injured by the earthquake, and healthcare provided to other injured patients including a male teacher, who was pulled out alive after six days in earthquake rubble. They also gave words of encouragement to the patients and presented cash assistance to them and cash awards to health workers.

They arrived at Athinkhaya Villa of Sagaing Government and heard a report on earthquake-related casualties in Sagaing Region, damaged religious, education and health buildings and roads and bridges, search, rescue and relief operations carried out by members of Tatmadaw, Myanmar Police Force, fire brigades, Red Cross brigades in cooperation with foreign rescue and relief teams and progress in removing debris, presented by the Region Chief Minister U Myat Kyaw.



Senior General Min Aung Hlaing encourages quake victims.

In response, the Senior General assured financial aid for the damages, and said that the assistance will be shared among all eligible persons fair and square. The damaged roads and bridges that were repaired for temporary use must be systematically restored for their sustainability. All state-owned or private buildings hit by the earthquake must be reconstructed at the earliest possible time. Private reconstruction undertakings must be provided with all necessary construction equipment to the utmost degree. Rehabilitation undertakings call for energetic efforts to turn the town into the one that is better and more developed than the previous one. He also looked into other requirements.

The Senior General and party surveyed the damage caused to Moezar water supply plant on Kanna Street, Minlan Ward, attended to the needs to repair the plant and the alignment of its main road.

On arrival at Sakuhmaw rescue camp, the Senior General and party observed the relief undertakings for the earthquake victims and medical treatment provided for them at a clinic. *See Page 15*



Senior General Min Aung Hlaing inspects the clearing of debris from the Myat Private School building destroyed by the earthquake.

# SAC Chairman PM Senior General Min Aung Hlaing speaks words of encouragement to rescue teams from India, China, Russia, Belarus conducting relief operations in Mandalay





Senior General Min Aung Hlaing inspects damage at the Maha Myat Muni Pagoda.

**Nay Pyi Taw April 6**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his wife Daw Kyu Kyu Hla, the SAC joint secretary and his wife, SAC members, union ministers, the chief minister of Mandalay Region, senior military officers from the Office of the Commander-in-Chief of Defence Services and members, cordially spoke words of encouragement to rescue teams from India, China, Russia and Belarus who were conducting relief operations in Mandalay this afternoon.

First, the Senior General and party arrived at the 60 Parachute Field Hospital of the Indian Army medical team at the former airport in Chanmyathazi Township, where the temporary hospital was set up to treat those who were injured due to the earthquake and team leader Lt. Col Jagneet Gill and officials conducted the Senior General and party around the hospital. Then, the Senior General and wife and party spoke words of sympathy to patients one by one and presented foodstuffs.

Afterward, the Senior General expressed his gratitude to the medical team for their relief operations and medical services. Then, the Senior General and wife presented gifts and a basket of fruits to the medical team leader, who also gave presents to the Senior General.

Then, the Senior General signed the guest book of the hospital and posed for documentary photographs together with the medical team.

Afterward, the Senior General and party met with the China Search and Rescue Team, that was cooperating in relief operations, at the temporary relief camp based in front of the Mingalar Mandalay Hotel and team leader Mr. Kyauk Me reported to the Senior General on relief operations. After the report, the Senior General expressed his gratitude to the team for cooperation, saying China and Myanmar are friendly neighbours that cannot be divided and Myanmar will continue to cooperate with China. Then, the Senior General requested the team to share their relief experience gained in Myanmar and the country will continue to conduct research to be prepared for possible future disaster by taking lessons from the earthquake. Then, the Senior General spoke words of thanks to the team and cordially greeted team members one by one.

Subsequently, the Chairman of the State Administration Council Prime Minister, along with his wife, presented commemorative gifts and fruit baskets. These were received by the team leader and responsible officials. The leader of the Chinese rescue team expressed confidence that, under the leadership of the Prime Minister, the losses caused by the current earthquake disaster would be overcome in the best possible way, and normalcy would be restored as quickly as possible. He also offered his best wishes and prayers in response.

Thereafter, the Chairman of the State Administration Council Prime Minister and party arrived at Mandalarthiri Sports Stadium. At the stadium, they warmly met and greeted the rescue and medical teams from Russia, led by Major General Sergey Voroutsov, who have been collaboratively carrying out temporary relief and medical operations. The Prime Minister expressed words of gratitude, after which he presented commemorative gifts and fruit baskets, which were accepted by the team leader.

Following this, the Chairman of the State Administration Council Prime Minister and party visited the teams from Belarus, led by Col.

*See Page 14*



Senior General Min Aung Hlaing presents a commemorative gift to the Chinese medical team.



Senior General Min Aung Hlaing presents a fruit basket to the Belarusian rescue team.



Senior General Min Aung Hlaing presents a commemorative gift to the Russian medical team.



Senior General Min Aung Hlaing visits the Indian medical team providing medical care to injured quake victims.



Daw Kyu Kyu Hla visits the Indian medical team providing medical care to injured quake victims.

*From Page 13*

Eagle, who were actively engaged in temporary rescue operations within the same sports stadium. They met and greeted the team members, expressing their appreciation. Subsequently, the Prime Minister presented commemorative gifts and fruit baskets, which were received by the team leader and officials. In return, they presented reciprocal gifts, and group photos were taken with the team members.

Next, the Chairman of the State Administration Council Prime Minister, along with his entourage, visited the Maha Myat Muni Pagoda, where they offered flowers and cool water and paid their homage. They then inspected the damages caused by the earthquake's intense tremors, including the diamond orb and the Ngatmyarnadaw atop the pagoda that had fallen to the ground, as well as the precious gems, gold, silver, and ancient wall paintings donated by devotees that had fallen or been damaged during the quake. The Prime Minister provided instructions to the responsible officials regarding necessary actions.

Afterward, the Chairman of the State Administration Council Prime Minister visited the Maha Muni Pitaka Archive, where he inspected the preservation of ancient scriptures and the bronze statue museum, which houses ancient bronze figures. He assessed the damage caused by the earthquake and instructed the responsible officials to promptly repair and maintain the affected areas.

Then, the Chairman of the State Administration Council Prime Minister and party inspected the damages to the Maha Myat Muni Pagoda and religious buildings caused by the earthquake. The responsible officials briefed them on the conditions and damages sustained by the pagoda image and religious structures during the quake.

In response to the briefings, the Prime Minister instructed the officials to systematically restore and preserve the damaged areas without compromising their original craftsmanship. He also directed them to carefully demolish hazardous structures still at risk of collapse and to carry out repairs in an organized, phased manner, addressing all necessary conditions.

Subsequently, the Chairman of the State Administration Council Prime Minister and party observed military personnel and volunteers clearing debris from the earthquake-affected areas. They offered encouragement and provided cash rewards.

Finally, the Chairman of the State Administration Council Prime Minister conducted an aerial inspection via helicopter of the earthquake-induced damages in Mandalay City and Kyaukse Township.

100

# Mass protests against Trump administration staged in U.S., Europe

**Beijing April 6**

Hundreds of thousands of protesters gathered in dozens of cities across the United States and Europe on Saturday to protest the controversial policies of U.S. President Donald Trump's administration, including the imposition of so-called "reciprocal tariffs," the shutdown of federal agencies and the deportation of immigrants.

In the United States, around 600,000 people joined over 1,400 protests across all 50 states under the theme of "Hands Off," according to the organizers.

Organized by a coalition of more than 150 groups, including civil rights organizations, labor unions and veterans' associations, demonstrators gathered at state capitols, federal buildings, congressional offices, Social Security Administration headquarters, city halls and public parks.

"This peaceful movement is powered by everyday people -- nurses, teachers, students, parents -- who are rising up to protect what matters most. We are united, we are relentless, and we are just getting started," said Rahna Epting, executive director of the activist group MoveOn.

"We're here fighting for the soul of America," Angela C, a protester in Los Angeles, told Xinhua. "Do we remain the guiding light for progress, compassion, and fairness in the world as funding fathers dreamt of? Or follow Trump to become another pathetic bully with a big stick out to exploit all the other countries in the world?"

Some elected officials joined the campaign as well. Boston Mayor Michelle Wu said she doesn't want her children and others to live in a world where threats and intimidation are the means of government and values such as diversity and peace are under attack.

Xinhua

# Interview: China's industrial innovations gain global spotlight at Hannover Messe, says organizer

**Hannover April 6**

Jochen Koeckler, Chairman of the Managing Board of Deutsche Messe AG, the organizer of Germany's Hannover Messe, said that Chinese products and solutions are gaining growing recognition from international exhibitors and buyers at the fair.

Hannover Messe is one of the world's premier industrial trade fairs. This year's edition brought together around 4,000 exhibitors from 62 countries and regions. With approximately 1,000 companies represented, China was the second-largest exhibitor group after the host country Germany.


"The presence of Chinese companies this year is very strong," Koeckler said in an exclusive interview with Xinhua, emphasizing both the scale and the innovation of Chinese participants. He noted that in fields such as electrical engineering, robotics, and digitalization, Chinese engineers are demonstrating advancing expertise and impressive innovation.

Industrial artificial intelligence (AI) was the central theme of this year's five-day event, which concluded on Friday. The theme highlighted AI's transformative role in the future of manufacturing.

"Ten years ago, communicating with machines was the stuff of science fiction. Now, it's becoming reality and is set to significantly boost productivity over the next five years," Koeckler said, adding that Chinese companies are making notable progress in this area.

He also highlighted the growing digital innovation of Chinese developers, as reflected in their close collaborations with German counterparts. One such example at this year's Hannover Messe was a partnership between Siemens and Triastek, a Chinese pharmaceutical firm specializing in 3D printing and digitalization. Together, they showcased innovative capsules developed using 3D printing and digital dosage form technology.

Xinhua


Senior General Min Aung Hlaing offers alms to the Sitagu Sayadaw.

*From Page 12*

After looking into the requirements, they cordially greeted and gave encouragement to civil servants and locals from Sagaing who were providing volunteer services. They then observed the damaged Sagaing (Inwa) Bridge from the compound of Sakuhmaw Monastery and sought means to restore the bridge as earliest as possible.

Later, they visited the Malaysian team that was carrying out rescue and relief undertakings, with the 700th anniversary commemorative people's sports ground in Parami Ward, Sagaing as the base, and thanked the team leader, Mr. Hasizul, for his clarification of the undertakings. The Senior General cordially greeted and thanked all the team members individually and presented commemorative gifts and a fruit basket through the leader.

The Senior General and party inspected the rubble removed at the damaged Laykyunmyay brick monastery, Thakyadhita Nunnery, Soon Oo Ponnyaship Pagoda, Yanadatheingi Nunnery. As regards the reports presented by officials, the Senior General said reconstruction must be done phase by phase to strengthen and restore the religious buildings according to their original design, and attended to the needs. He also cordially encouraged the members of the rescue and relief team and presented a cash award.

The Senior General and party proceeded to Sitagu Vipassana Monastery and paid respects to Abhidhaja Maha Rattha Guru Abhidhaja Agga Maha Saddhamma Jotika Sayadaw Dr Bhaddanta Nyanissara, State Ovadacariya Sayadaw Vice Sangha Raja of Shwekyin Nikaya, Chancellor of Sitagu International Buddhist Academies, and donated Ks 50 million for restoring the collapsed or damages pagodas, where Buddha's relics were kept, and offertories. Then the merits gained were shared with monks, nuns and people who lost their life or limbs during the earthquake.

They inspected the damaged parts of Sitagu Sangha Tannipata Monastery and instructed officials to restore it at the earliest possible time.

They then examined the road that was damaged to the degree of changing the main alignment in Thawtapan Ward, Sagaing and gave directives.

Later, they observed full renovation of the damaged Maha Zeti Pagoda in Yaingdan Ward, Sagaing, and provided means for its sustainability.

Afterwards, they crossed the Ayeyawady Bridge (Yadanabon) in a motorcade and examined its strength. 100



Senior General Min Aung Hlaing provides cash rewards for the medical staff at Sagaing People's Hospital.

# Pyapon Township supplies 65,000 baskets of Shwethweyin paddy to Yangon in Feb

**Pyapon April 6**

Daw Swe Swe, a rice trading business owner from Pyapon Township, stated that up to 65,000 baskets of Shwethweyin paddy were transported and sold to the Yangon market from Pyapon Township in February.

In January, only 50,000 baskets of Shwethweyin paddy were transported and sold to Yangon, but the volume increased to 65,000 baskets in February. It was noted that this variety belongs to the non-premium rice category.

"Over the past month, a large quantity of Shwethweyin paddy has been transported and sold from Pyapon Township to the Yangon market. Pyapon supplies most of its agricultural products to Yangon.

Shwethweyin paddy falls under the non-premium rice category, and its demand from Yangon has been increasing, leading to a rise in transportation. Yangon traders are also making further purchase arrangements for this variety this month.

Compared to other rice varieties, the sales and trading of Shwethweyin paddy have been more active recently. The rice is being transported via both road and waterways as per convenience," said Daw Swe Swe.

In July, the selling price of Shwethweyin paddy transported from Pyapon to Yangon reached up to K17.5 million per 100 baskets. Due to the strong demand for this variety, farmers, traders, cargo handlers, and truck rental businesses have been benefiting from increased employment opportunities.

Kyaw Kyaw Lin


Newly harvested paddy.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

**ရှေ့ဖုံးမှအဆက်**

သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မြတ်ကိုယ်ပိုင်အထက်တန်းကျောင်းသို့ရောက်ရှိကြပြီး အပျက်အစီးများဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကိုကြည့်ရှုကာ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် စာသင်ဆောင်များ ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့ ရှိင်တန်းရပ်ကွက်ရှိ မဟာစေတီတော်အား လုံးတော်ပြည့်ငုံ၍ ပြုပြင်မွမ်းမံတည်ဆောက်နေမှုနှင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင်များ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် လူထိခိုက်သေဆုံးခဲ့ရမှုနှင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရသင့်ရထိုက်သည့်နေရာများအားလုံးမျှမျှတတရရှိစေရေး ဆောင်ရွက်ပေးသွားရန်လို၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ယခင်ကထက်ပိုမိုကောင်းမွန်ပြီး ဖွံ့ဖြိုးတိုးတက်သည့်မြို့အဖြစ် ဖော်ဆောင်ပေးနိုင်ရမည်ဖြစ် . . .**

တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ထိခိုက်ပျက်စီးခဲ့မှုများအား စနစ်တကျစိစစ်၍ ပြန်လည်ပြုပြင်နိုင်သည်များကို အဆင့်အလိုက်ပြုပြင်သွားရန်၊ ပြုပြင်၍မရသည့် အန္တရာယ်ရှိကျောင်းဆောင်များကိုစနစ်တကျဖြိုချသွားရန်နှင့် ဆယ်တင်၍ရနိုင်သည့် ပစ္စည်းများကိုလည်း စနစ်တကျပြန်လည်ဆယ်တင်အသုံးပြုသွားရန်၊ ပြန်လည်ပြုပြင်၍ရနိုင်သေးသည့်ကျောင်းဆောင်ကို ကျောင်းဖွင့်ချိန်မတိုင်မီ စနစ်တကျပြန်လည်ပြုပြင်ပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ခိုင်ခံ့မှုရှိစေရေးအလေးထားဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးဝါးကုသမှုဆောင်ရွက်ပေးနေမှုများ၊အဆောက်အအုံအတွင်း ခြောက်ရက်ကြာပိတ်မိခဲ့ပြီး အသက်ရှင်လျက်ကယ်ထုတ်နိုင်ခဲ့သူ ကျောင်းဆရာတစ်ဦးအပါအဝင် အခြားထိခိုက်ဒဏ်ရာရရှိခဲ့သည့်လူနာများကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးထားမှုများကိုကြည့်ရှု၍ အားပေးစကားပြောကြားကာ ထိခိုက်ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့ငွေများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အသင်္ချာရိပ်သာသို့ ရောက်ရှိကြပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် လူထိခိုက်သေဆုံးခဲ့ရမှုများ၊ သာသနိကအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ လမ်းတံတားများ ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီဝန်ထမ်းများ၊ ပြည်ပနိုင်ငံများမှရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအတူတကွပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့မှုနှင့်အပျက်အစီးများဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် ငွေကြေးထောက်ပံ့မှုများဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရသင့်ရထိုက်သည့်နေရာများအားလုံး မျှမျှတတရရှိစေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊** ထိခိုက်



နိုင်ငံတော်ဩဝါဒါစရိယ သောဠသမရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဘုရား၊ စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ်သိန်း ၅၀၀ နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ငလျင်ဘေးဒဏ်ကြောင့် သီတဂူသံဃသန္နိပါတကျောင်းဆောင်တော်ကြီး ထိခိုက်ပျက်စီးခဲ့မှုအား တွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့ လေးကျွန်းမြေအုဋ်ကျောင်း၌ အဆောက်အအုံပျက်စီးနေမှုအား ယာဉ်၊ ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှားခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မလေးရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များအား တစ်ဦးချင်းရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းနှင့် သစ်သီးခြင်းပေးအပ်စဉ်။

ပျက်စီးခဲ့သည့် လမ်းတံတားနေရာများအား လတ်တလောသွားလာနိုင်ရန်အတွက် ယာယီပြင်ဆင်မှုများ ဆောင်ရွက်ထားရှိမှုများကို အပိုင်းလိုက်စနစ်တကျဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ဆက်လက်ပြင်ဆင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့ရသည့်အဆောက်အအုံများတွင် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ဟူ၍ရှိမည်ဖြစ်ပြီး ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက်လည်း လိုအပ်သည့်ဆောက်လုပ်ရေးပစ္စည်းများကို တတ်နိုင်သရွေ့ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ **ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ယခင်ကထက် ပိုမိုကောင်းမွန်ပြီး ဖွံ့ဖြိုးတိုးတက်သည့်မြို့အဖြစ် ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်**ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းလမ်းရပ်ကွက် ကမ်းနားလမ်းပေါ်ရှိ မိုးဇာရေပေးဝေရေးစက်ရုံငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုနှင့် ပင်မလမ်းအုကြောင်း ရွေ့လျားပြောင်းလဲခဲ့သည်ထိ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်

**စာမျက်နှာ ၁၈ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတော်တွင် ဆင်းတုတော်နှင့် အဆောက်အအုံပျက်စီးနေမှုအား ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကူညီကယ်ဆယ်ရေးအဖွဲ့များအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။



ငလျင်ဘေးဒဏ်ကြောင့် စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတော် ပြိုကျပျက်စီးနေမှုကို တွေ့ရစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စကုမေ့ာ်ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးထားမှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းဖွင့်လှစ်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုပေးထားမှုများကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ စစ်ကိုင်းမြို့မှ လုပ်အားပေးလာရောက်ကြသည့် စေတနာ့ဝန်ထမ်းပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။ ၎င်းနောက် စကုမေ့ာ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ စစ်ကိုင်းတံတား (အင်း၀)ရထားလမ်းကူးတံတား ပြိုကျပျက်စီးနေမှု အခြေအနေများကိုကြည့်ရှုပြီး အမြန်ဆုံး ပြန်လည်ပြင်ဆင်မှုများဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိနှစ် ၇၀၀ ပြည့်အားကစားကွင်း၌ အခြေပြု၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည့် မလေးရှားနိုင်ငံမှကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များကို သွားရောက်တွေ့ဆုံရာ အဖွဲ့ခေါင်းဆောင် Mr. Hasizul ၏ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မလေးရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များကို တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အမှတ်တရလက်ဆောင်ပစ္စည်းနှင့် သစ်သီးခြင်းကိုပေးအပ်ရာ အဖွဲ့ခေါင်းဆောင်က လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေးကျွန်းမြေအုန်ကျောင်း၌အဆောက်အအုံပျက်စီးနေမှုကို ရှင်းလင်းဖယ်ရှားခြင်း ဆောင်ရွက်နေမှု၊ သကျဓိတာ သီလရှင်စာသင်တိုက် အဆောက်အအုံပျက်စီးနေမှုကို ရှင်းလင်းဖယ်ရှားခြင်းဆောင်ရွက်နေမှု၊ ဆွမ်းဦးပုညရှင်စေတီတော်တွင် အဆောက်အအုံပျက်စီးနေမှုအား ရှင်းလင်းဖယ်ရှားခြင်းဆောင်ရွက်နေမှု၊ ရတနာသိင်္ဂီသီလရှင်စာသင်တိုက်တွင် အဆောက်အအုံပျက်စီး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကူညီကယ်ဆယ်ရေးအဖွဲ့များအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

နေမှုအား ရှင်းလင်းဖယ်ရှားခြင်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သာသနိကအဆောက်အအုံများကို မူလလက်ရာမပျက်ခိုင်ခံ့စွာဖြင့် ပြန်လည်တည်ထားကိုးကွယ်နိုင်ရေး၊ လုပ်ငန်းဆောင်ရွက်မှုများအား အဆင့်အလိုက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားကာ ကူညီကယ်ဆယ်ရေးအဖွဲ့များကို ရင်းရင်းနှီးနှီးအားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီတဂူဝိပဿနာကျောင်းတိုက်သို့ရောက်ရှိပြီး နိုင်ငံတော်ဩဝါဒါစရိယ သောဠသမရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား ဖူးမြော်ကြည်ညိုကာ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များကိန်းဝပ်ရာ ဘုရား၊ စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် **စာမျက်နှာ ၁၉ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စကုမှော်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ စစ်ကိုင်းတံတား(အင်း၀)ရထားလမ်းကူးတံတား ပြိုကျပျက်စီးနေမှု အခြေအနေများကို ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက်ရှိ ကားလမ်းမပေါ်၌ ငလျင်ဘေးဒဏ်ကြောင့် ပင်မလမ်းအူကြောင်း ရွေ့လျားထိခိုက်ပျက်စီးခဲ့မှုအား ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စကုမှော်ကယ်ဆယ်ရေးစခန်းတွင် စစ်ကိုင်းမြို့မှလုပ်အားပေးလာရောက်ကြသည့် စေတနာ့ဝန်ထမ်းပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့ မင်းလမ်းရပ်ကွက် ကမ်းနားလမ်းပေါ်ရှိ ပင်မလမ်းအူကြောင်း ရွေ့လျားပြောင်းလဲထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

အသုံးပြုရန်အတွက် ငွေကျပ် သိန်း ၅၀၀ နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် လှူဒါန်းမှုအစုစုတို့အား ငလျင်သဘာဝဘေးကြောင့် အသက်ခန္ဓာဆုံးရှုံးခဲ့ရသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ပြည်သူအပေါင်းတို့ရရှိစေရန် အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သီတဂူသံဃသန္နိပါတကျောင်းဆောင်တော်ကြီးငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အမြန်ဆုံးပြန်လည်တည်ဆောက်သွားနိုင်ရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက်ရှိ ကားလမ်းမပေါ်၌ ငလျင်ဘေးဒဏ်ကြောင့် ပင်မလမ်းအူကြောင်း ရွေ့လျားပြောင်းလဲခဲ့သည်ထိ ထိခိုက်ပျက်စီးခဲ့ရမှုကိုသွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ရိုင်တန်းရပ်ကွက်ရှိမဟာစေတီတော်အား လုံးတော်ပြည့်ငုံ၍ ပြုပြင်မွမ်းမံတည်ဆောက်နေမှုနှင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကိုကြည့်ရှု၍ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်မွမ်းမံမှုများကို စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေဝတီတံတား (ရတနာပုံ)ပေါ်မှ မော်တော်ယာဉ်များဖြင့် ဖြတ်သန်း၍ တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့အတွက် အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့ခေါင်းဆောင် Lt. Col Jagneet Gill က အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်စဉ်။

☆ ကျောဖုံးမှအဆက်

လေဆိပ်အဟောင်းနေရာ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ယာယီဆေးရုံဖွင့်လှစ်၍ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည့် အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့ 60 Parachute Field Hospital သို့ ရောက်ရှိကြရာ အဖွဲ့ခေါင်းဆောင် Lt. Col Jagneet Gill နှင့် တာဝန်ရှိသူများက ဆေးကုသမှုဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆေးကုသမှုခံယူနေသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆေးကုသမှုခံယူနေသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့ 60 Parachute Field Hospital ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့အတွက် အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကူညီကယ်ဆယ်မှုများနှင့် ဆေးကုသပေးမှုများ လာရောက်ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် သစ်သီးခြင်းတို့ကိုပေးအပ်ပြီး အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့ခေါင်းဆောင်က လက်ခံရယူပြီး အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့ 60 Parachute Field Hospital ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာမန္တလေးဟိုတယ်ရှေ့၌ ယာယီအခြေပြု၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့် တရုတ်နိုင်ငံ China Search and Rescue ကူညီကယ်ဆယ်ရေးအဖွဲ့ကို သွားရောက်တွေ့ဆုံရာ အဖွဲ့ခေါင်းဆောင် Mr. Kyauk Me က ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ လာရောက်ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ခွဲခြား၍မရသည့် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်ရရှိခဲ့သည့် ကူညီကယ်ဆယ်ရေးအတွေ့အကြုံများကိုလည်း မျှဝေပေးသွားစေလိုပြီး မိမိတို့အနေဖြင့် ယခုဖြစ်စဉ်ဖြစ်ရပ်အပေါ် သင်ခန်းစာယူ၍ နောင်တွင်ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များအပေါ် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို ဆက်လက်သုတေသနပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျေးဇူးတင်စကားများကို ပြောကြားကာ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များကို တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် သစ်သီးခြင်းတို့ကို ပေးအပ်ရာ အဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး တရုတ်နိုင်ငံ ကူညီကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင်က ယခုဖြစ်ပေါ်ကြုံတွေ့နေရသည့် ငလျင်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ဆုံးရှုံးခဲ့ရမှုများကို အဆွေတော်ဝန်ကြီးချုပ်၏ ဦးဆောင်မှုအောက်တွင် အကောင်းဆုံးကျော်ဖြတ်နိုင်မည်ဖြစ်ပြီး ပုံမှန်အခြေအနေသို့ အမြန်ဆုံးရောက်ရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် **စာမျက်နှာ ၂၁ သို့**

စာမျက်နှာ ၂၀ မှအဆက်

ဆုမွန်ကောင်းစကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလာသီရိအားကစားကွင်းသို့ ရောက်ရှိကြပြီး အားကစားကွင်းနေရာတွင် ယာယီအခြေပြု၍ ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့် ရုရှားနိုင်ငံမှ Major General Sergey Voroutsov ဦးဆောင်သော ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့များကို ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကားများပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်းနှင့် သစ်သီးခြင်းတို့ကို ပေးအပ်ရာ အဖွဲ့ခေါင်းဆောင်က လက်ခံရယူသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ China Search and Rescue ကူညီကယ်ဆယ်ရေးအဖွဲ့ကို တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံမှ Major General Sergey Voroutsov ဦးဆောင်သော ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့အတွက် သစ်သီးခြင်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ China Search and Rescue ကူညီကယ်ဆယ်ရေးအဖွဲ့အတွက် သစ်သီးခြင်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံမှ Col. Eagle ဦးဆောင်သည့် ကယ်ဆယ်ရေးအဖွဲ့ဝင်များကို အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာမုနိပိဋကတ်တိုက်တော်ကြီးအတွင်းရှိ ရှေးဟောင်းပိဋကတ်တော်များ ထိန်းသိမ်းထားရှိမှုများ၊ ကြေးရုပ်ပြတိုက်အတွင်းရှိ ရှေးဟောင်းကြေးရုပ်ကြီးများ ထိန်းသိမ်းထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့ရမှုများကို အမြန်ဆုံးပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်နှင့် သာသနိကအဆောက်အအုံများ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့စဉ် မဟာမုနိရုပ်ရှင်တော် ရုပ်ပွားတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၂၂ သို့


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါအားကစားကွင်းအတွင်း ယာယီအခြေပြု၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိသည့် ဘယ်လာရုစ်နိုင်ငံမှ Col. Eagle ဦးဆောင်သည့် ကယ်ဆယ်ရေးအဖွဲ့ဝင်များကို သွားရောက်တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကားများပြောကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်းနှင့် သစ်သီးခြင်းတို့ကို ပေးအပ်ရာ အဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်ကာ အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်သို့ ရောက်ရှိကြပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သောလှုပ်ခတ်မှုများကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့၌ စေတနာရှင်အများပြည်သူများ လှူဒါန်းထားရှိသည့် ရတနာရွှေငွေကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များ၊ ငလျင်လှုပ်ခတ်စဉ် ကွာကျခဲ့ရသည့် ရှေးဟောင်းလက်ရာ နံရံဆေးရေးပန်းချီများ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တရုတ်နိုင်ငံ China Search and Rescue ကူညီကယ်ဆယ်ရေးအဖွဲ့ကို သစ်သီးခြင်း ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်းထန်သောလျှောင်လှုပ်ခတ်မှုများကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ၄က်မြတ်နားတော်တို့၌ စေတနာရှင်အများပြည်သူများ လှူဒါန်းထားရှိသည့် ရတနာရွှေငွေ ကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာမုနိရုပ်ရှင်တော်နှင့် သာသနိကအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများက အပျက်အစီးများရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

**စာမျက်နှာ ၂၁ မှအဆက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့ရမှုများကို မူလလက်ရာမပျက် စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားရန်လိုအပ်သည့်အခြေအနေများ၊ ပြိုကျနေဆဲဖြစ်သည့် အန္တရာယ်ရှိ အဆောက်အအုံများကို စနစ်တကျဖြင့် ဖြိုဖျက်မှုများ ဆောင်ရွက်သွားရန်လိုပြီး ပြုပြင်မှုများကို အပိုင်းလိုက်စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုသည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများက အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မန္တလေးမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများ၊ ကျောက်ဆည်မြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဝ၁)

# နေပြည်တော်နယ်မြေအတွင်း ဌာနအလိုက် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရေး စီစဉ်ပေးထားသည့်စခန်းနေရာများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့် ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းမိသားစုများ၏ ယာယီနေရာချထားရာစခန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာ့စာတိုက်လုပ်ငန်းရုံးသို့ ရောက်ရှိပြီး ရုံးဝင်းအတွင်း ငလျင်ဒဏ်ခံရသဖြင့် ဝန်ထမ်းမိသားစုအင်အား ၉၂ ဦးတို့အား ယာယီစခန်းချထားမှုကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စုစည်းနေရာချထားမှုအခြေအနေ၊ ဝန်ထမ်းမိသားစုများအတွက် စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေနှင့် ရုံးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းပြသမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး ဝန်ထမ်းမိသားစုများကို အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ မြန်မာ့မီးရထား၏ နေပြည်တော်ဘူတာကြီးသို့ ရောက်ရှိပြီး ဘူတာစကြံအမှတ်(၃)သို့ ဆိုက်ရောက်လာသော ရန်ကုန်-နေပြည်တော် အမှတ်(၇)အဆန် DEMU ရထားတွဲဆိုင်းနှင့် ဘူတာစကြံအမှတ်(၂)၌ နေပြည်တော်မှ မန္တလေးသို့ ထွက်ခွာရန် အဆင်သင့်ဖြစ်နေသည့် အမှတ်(၂၇)အဆန် လေအိတ်အမြန်ရထားတွဲဆိုင်းတို့ကို ကြည့်ရှုစစ်ဆေး၍ ရထားများ အချိန်မှန်ထွက်ခွာ၊ ဆိုက်ရောက်နိုင်ရေး၊ သတ်မှတ်အမြန်နှုန်းဖြင့် ပြေးဆွဲနိုင်ရေး၊ ရထားခရီးစဉ်သတင်းအချက်အလက်များကို ပြည်သူလူထုကျယ်ပြန့်စွာသိရှိစေရေး လိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ဘူတာကြီးနယ်မြေအတွင်း ငလျင်ဒဏ်ခံဝန်ထမ်းမိသားစုဦးရေ ၈၀၀ တို့ကို နေရာချထားမှုအခြေအနေ၊ မြန်မာ့မီးရထားဆေးအဖွဲ့က ဝန်ထမ်းမိသားစုနှင့် ဒေသခံပြည်သူတို့ကို ဆေးဝါးကုသပေးမှု အခြေအနေတို့ကို စစ်ဆေးပြီး ယာယီစခန်းစတင်ဖွင့်လှစ်ချိန်မှ ယနေ့ထိ လူနာစုစုပေါင်း ၇၇၁ ဦးကုသပေးနိုင်ခဲ့မှုအပေါ် ဆက်လက်၍ ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရေး မှာကြားသည်။

ထို့နောက် မီးဖိုချောင်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ မိသားစုအလိုက် အမိုးအကာဖြင့် စနစ်တကျနေရာချထားရန်နှင့်ကာလတစ်ခုအထိ အဆင်ပြေစွာနေထိုင်နိုင်ရေး Camp တည်ဆောက်ရန် လိုအပ်သည့်မြေနေရာများ ကြိုတင်စီစဉ်ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ မြန်မာ့မီးရထား(ရုံးချုပ်) စီးပွားရေးဌာနခွဲရုံးဝင်းအတွင်းရှိ ဝန်ထမ်းမိသားစု ၄၃၄ ဦးရှိသည့် ယာယီစခန်းနေရာသို့ ရောက်ရှိပြီး နေရာချထားပေးမှုအစီအစဉ်၊ စားသောက်ရေးအစီအစဉ်တို့အား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများကို အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဗုဗ္ဗသီရိမြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံး (ရွာတော်)သို့ ရောက်ရှိပြီး ဌာနဝန်ထမ်းမိသားစုအင်အား ၁၀၈ ဦးတို့ ယာယီစခန်းချနေထိုင်မှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံကို ကူညီပံ့ပိုးရန်နှင့် ပြည်သူများနှင့်တစ်သားတည်းရှိရန် ကုလသမဂ္ဂကို တိုက်တွန်း

**(၅-၆-၂၀၂၅၊ နေပြည်တော်)**

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ၅၈ ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၄-၂-၂၀၂၅ ရက်မှ ၄-၄-၂၀၂၅ ရက်ထိ ကျင်းပပြုလုပ်ခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးနှင့်မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာအဆိုတင်သွင်းသူတို့၏ မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာများအပေါ် အနှစ်သာရကင်းသည့် အပြန်အလှန်ဆွေးနွေးမှုများကို ၃-၃-၂၀၂၅ ရက် နှင့် ၂၀-၃-၂၀၂၅ ရက်တို့တွင် အသီးသီးပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ဥရောပသမဂ္ဂက တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်အဆိုကို ၃-၄-၂၀၂၅ ရက်တွင် သက်ဆိုင်ရာနိုင်ငံကို ချန်လှပ်၍ ဘုံသဘောတူညီချက်မရှိဘဲ အတည်ပြုချမှတ်ခဲ့ခြင်းမှာ အဓိပ္ပာယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးမှု၏အခြေခံသဘောတရားကို သေးသိမ်စေသည်။

မြန်မာနိုင်ငံတွင် ၂၈-၃-၂၀၂၅ ရက်၌ အင်အားပြင်းထန်သည့်ငလျင်လှုပ်ခတ်ခဲ့ပြီး လူပေါင်း ၃၀၀၀ ကျော်သေဆုံးကာ အခြေခံအဆောက်အအုံများ ဆိုးရွားစွာပျက်စီးခဲ့သည်။ ယင်းနေ့တွင်ပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြင်းထန်စွာထိခိုက်ခဲ့သည့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းရှိ ငလျင်ဘေးသင့်နေရာများကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ကူညီပံ့ပိုးလိုသည့်မည်သည့်အဖွဲ့အစည်းကိုမဆို အထောက်အပံ့များပေးအပ်ရန် ဖိတ်ခေါ်ခဲ့သည်။ အဖွဲ့ဝင် ၄၃ ဦး ပါဝင်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အရေးပေါ်တုံ့ပြန်မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစီးလုပ်ဆောင်လျက်ရှိသည်။

အဆိုပါအင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဘေးဒဏ်သင့်နေရာများသို့ အစားအစာများ၊ဆေးဘက်ဆိုင်ရာအကူအညီများပေးခြင်းနှင့်မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများပေးခြင်းတို့အပါအဝင် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ကုလသမဂ္ဂနှင့်လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအသိုက်အဝန်း၏အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှုများနှင့် ပံ့ပိုးမှုများကို ကြိုဆိုသည်။

အရေးပေါ်ကာလတွင် မြန်မာပြည်သူများနှင့်အတူ တစ်သားတည်းရှိကြောင်းပြသ၍ ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့ခဲ့ကြသည့် ကုလသမဂ္ဂအေဂျင်စီများအပါအဝင် နိုင်ငံများနှင့် အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။ ထိုသို့ အားပေးသည့်အပြုအမူများမှာ လူသားချင်းစာနာမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပြသရာရောက်သည်။

ယခုကဲ့သို့ သဘာဝဘေးနှင့် ကြုံတွေ့နေရချိန်တွင် မြန်မာနိုင်ငံအနေဖြင့် အချို့နိုင်ငံများ၏အပ်ကြောင်းထပ်နေသော ပြစ်တင်ဝေဖန်မှုများကို ဆက်လက်ရင်ဆိုင်နေရသည်မှာ လွန်စွာဝမ်းနည်းဖွယ်ဖြစ်သည်။ယခုအချိန်တွင် မြန်မာပြည်သူများ အမှန်တကယ်လိုအပ်သည်မှာ ကူညီဖေးမမှု၊ အကူအညီ၊ အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှုနှင့် တစ်သားတည်းဖြစ်မှုတို့သာဖြစ်ပြီး ဝန်ထုပ်ဝန်ပိုးဖြစ်စေသော နိုင်ငံရေးသွတ်သွင်းသည့် ဆုံးဖြတ်ချက်အဆိုကို အလိုမရှိပါ။

မြန်မာနိုင်ငံအနေဖြင့် ဆယ်စုနှစ် သုံးခုကျော် ကြာပြီဖြစ်သည့် အထူးအစီရင်ခံစာတင်သွင်းသူကဲ့သို့သော လက်တွေ့တန်ဖိုးကင်းမဲ့ပြီး ထိရောက်မှုမရှိသည့် လုပ်ပိုင်ခွင့်များကို အဆုံးသတ်ရန် ကုလသမဂ္ဂအား တိုက်တွန်းသည်။

ယခုကဲ့သို့သဘာဝဘေးကြောင့်အခက်အခဲများကြုံတွေ့နေရသည့် ကာလတွင် မျှတ၍ လက်တွေ့ဆန်သော ချဉ်းကပ်မှုဖြင့် မြန်မာနိုင်ငံ၏ သဘာဝဘေးတုံ့ပြန်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို ကူညီပံ့ပိုးရန်နှင့် မြန်မာပြည်သူများနှင့် တစ်သားတည်းရှိရန်လည်း ကုလသမဂ္ဂကို တိုက်တွန်းသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၇၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ၊ဈေးနှုန်းများ ဆက်တိုက်ကျဆင်းလျက်ရှိ

နေပြည်တော် ဇွန် ၆

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် ၇ ရက်မှ ၁၃ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၇၇၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရှိရသည်။

စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ မြန်မာနိုင်ငံသို့ CIF စနစ်အရ တင်သွင်းနေသည့် စားအုန်းဆီတစ်တန်ဈေးနှုန်းမှာ ဇန်နဝါရီ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၉၅ ဒေါ်လာရှိခဲ့ရာမှ မတ်လစတုတ္ထပတ်တွင် ၁၂၀၂ ဒေါ်လာဖြစ်ပြီး ၉၃ ဒေါ်လာ ကျဆင်းခဲ့ရာ ပြည်တွင်းလက်ကားရည်ညွှန်းဈေးတစ်ပိဿာဈေးနှုန်းမှာ ဇန်နဝါရီ ၁ ရက်တွင် ငွေကျပ် ၇၂၈၀ ဖြစ်ခဲ့ရာမှ ဇွန် ၇ ရက်တွင် ငွေကျပ် ၆၇၇၀ သို့ ကျဆင်းလာခဲ့သဖြင့် လေးလတာကာလအတွင်း ငွေကျပ်၅၁၀ ကျဆင်းလာကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ယမန်နေ့မှအဆက်

# ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

၂၃။ ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ-

(က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့် ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ဂ) ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၁၇ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ထို့ပြင် ရန်ကုန်စတော့အိပ်ချိန်းသို့ အသစ်ဝင်ရောက်သည့်ကုမ္ပဏီများသည် ယခင်ကဝင်ငွေခွန်အပြည့်အဝထမ်းဆောင်ရန် ပျက်ကွက်မှုရှိပါက ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်သည့် ဘဏ္ဍာရေးနှစ်မတိုင်မီ ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ် ၂ နှစ်အတွက် ဝင်ငွေအမှန်ကို ဖော်ထုတ်၍ ကျသင့်ဝင်ငွေခွန် ပေးဆောင်ရမည်ဖြစ်ပြီး ယင်းကျသင့်ဝင်ငွေခွန်ကို အပြည့်အဝပေးသွင်းပြီးဖြစ်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊ တရားစွဲဆိုခြင်းတို့မှ ကင်းလွတ်ခွင့်ရှိစေရမည်။

၂၄။ (က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ပြည်ပနေ နိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှဝင်ငွေဖြစ်ပါက ဤဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(ဂ)ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။သို့ရာတွင် ကိုဗစ်-၁၉(Coronavirus Disease 2019) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ နိုင်ငံသား မည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန် ထမ်းဆောင်ရန်မလို။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ -

| စဉ် | ဝင်ငွေ(ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| ၁ | ၁ | ၃၀၀,၀၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၃၀၀,၀၀၀,၀၀၁ | ၆၀၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၆၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

(ခ) ပုဒ်မခွဲ (က) ပါ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေဆိုသည်မှာ ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မတိုင်မီ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေကိုဆိုသည်။

(ဂ) ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများကို နိုင်ငံတော်၏ စီးပွားရေးအခြေအနေနှင့် နိုင်ငံတကာသက်ရောက်မှုအခြေအနေများကို သုံးသပ်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြင်ဆင်သတ်မှတ်မှုများကို ဆောင်ရွက်ရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရမည်။

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ -

(က) မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀ ရာခိုင်နှုန်း |
| (၂) ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထက်မှ (၁၅၀,၀၀၀)အထိ | ၄၅ ရာခိုင်နှုန်း |
| (၃) ညီမျှကျပ်သန်းပေါင်း (၁၅၀,၀၀၀) အထက် | ၅၀ ရာခိုင်နှုန်း |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ကျသင့်အခွန်ကို ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန် မကျသင့်စေရ။

၂၉။ ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်တွင်းထုတ်လုပ်မှုကိုအခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၁၅၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေရရှိသည့် စုစုပေါင်း ဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်း ဝင်ငွေ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(၄) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(၅) အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်၊ ပင်စင်မှ ပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊

(၆) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည်-

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ၏ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၈)
## ရတနာခွန်

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ အောက်ဇယားပါ ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြစ်ပါက အမှန်တကယ် ရောင်းချသည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အမှန်တကယ် ရောင်းချသည့် တန်ဖိုးအပေါ်အခြေပြု၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်သည့် ရောင်းဈေးတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးအပေါ်တွင်လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ရတနာခွန်ကျသင့်စေရမည်။ ကောက်ခံရရှိသည့် ရတနာခွန်နှင့် စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာဘဏ်စာရင်းသို့ လွှဲပြောင်းပေးသွင်းရမည်-

| စဉ် | ကျောက်မျက်ရတနာအမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | ကျောက်စိမ်းအရိုင်းများ။ | ၁၁ ရာခိုင်နှုန်း |
| ၂ | ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းများ။ | ၉ ရာခိုင်နှုန်း |
| ၃ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာများ စွဲကပ်ထားသည့် လက်ဝတ်ရတနာအချောထည်များ။ | ၅ ရာခိုင်နှုန်း |
| ၄ | ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ။ | ၅ ရာခိုင်နှုန်း |

## အခန်း (၉)
## အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊လုပ်ငန်းလိုင်စင် ဆိုင်ရာအခငွေများ၊

(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

(စ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာ လိုင်စင်၊ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဆ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်း ဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှ ရရှိသည့် အခကြေးငွေများ၊

(ဇ) ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေးရငွေ၊

(ဈ) မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ၊

(ည) အကောက်ခွန်၊

ဆက်လက်ဖော်ပြပါမည်

# ပါကစ္စတန်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီကယ်ဆယ်ရေးပစ္စည်းများနှင့်ဆေးဝါးများ ရောက်ရှိ



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပါကစ္စတန်နိုင်ငံမှ ဒုတိယအကြိမ်ရောက်ရှိလာသည့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများကို လက်ခံစဉ်။

နေပြည်တော် ဧပြီ ၆

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့် ပြည်သူများအတွက် ပါကစ္စတန်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒုတိယအကြိမ် ရောက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများတွင် မိုးကာတဲ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ တာပေါ်လင်၊ ဆေးဝါးများ၊ (MRE)အသင့်စား အစားအစာများ စုစုပေါင်း ၃၁၃၀၀ kg ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Imran Haider နှင့် သံရုံးတာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နေပြည်တော်သို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တရုတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ ရောက်ရှိ

နေပြည်တော် ဧပြီ ၆

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ပြင်းထန်ငလျင်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ ယင်းဒေသများမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် တရုတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ တင်ဆောင်လာသည့် လေယာဉ်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါလေယာဉ်ဖြင့်ဆေးပစ္စည်းများနှင့် အသက်ရှူကိရိယာများ ၃၂၈၈ kg ပါရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် ရန်ကုန်တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးက လက်ခံရယူကာ ရောက်ရှိလာသည့်ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့တင်ဆောင်ပြီး ငလျင်ဘေးသင့် ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နေပြည်တော်သို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




ငလျင်ဒဏ်သင့်ပြည်သူများအတွက် တရုတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာမှုကို တွေ့ရစဉ်။

## ရတနာပုံနေ့စဉ်သတင်းစာထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက် (တနင်္ဂနွေနေ့)မှ ဧပြီ ၁၈ ရက် (သောကြာနေ့) ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက်(စနေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။

## ၂၀၂၅ ခုနှစ် ဧပြီ ၆ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်)၏ ဈေးနှုန်း ၅၆၁၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၆

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညမှ ဧပြီ ၁၁ ရက်ထိ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ဧပြီ ၁၂ ရက်မှ ၁၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၆**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က အင်အားပြင်း မြေငလျင်လှုပ်ရှားမှုကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ ရသည့်နေရာများသို့ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ် ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များက ဒေသခံ ပြည်သူများနှင့် ပူးပေါင်း၍ အချိန်နှင့် တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက် ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန် ရှိသူများသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မင်းချောင်းကျေးရွာ အုပ်စု ကျေးစားကုန်း(မြောက်)ရွာ ဘုန်း တော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အဆိုပါဘုန်းတော်ကြီးကျောင်း ယာယီ ကယ်ဆယ်ရေးစခန်းတွင် ခေတ္တနေထိုင် လျက်ရှိသည့် ဒေသခံပြည်သူများအား တွေ့ဆုံ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာနှင့် အလှူငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူ များသည် ညောင်ရွှေမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် နေရာများအား လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးသည်။

ထို့ပြင် ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ညောင်ရွှေမြို့နယ် နန်းဦးကျေးရွာရှိ ဖောင်တော်ဦးဘုရား၊ ကေလာကျေးရွာ၊ ဇရပ်ကြီးကျေးရွာနှင့် ကြာတောကျေးရွာ တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ လိုအပ် သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းစစ်ဌာန ချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၅ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဧပြီ ၆**

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်း အသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gam-bling) လုပ်ဆောင်နေကြသူများ၊ ပါဝင် ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်ပြီး တိုက်ဖျက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံ အတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ ကျောက်ခတ် နယ်မြေတွင် အွန်လိုင်းလောင်းကစားမှု များ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှု များ ကျူးလွန်ခဲ့ကြသည့် ဂါနာနိုင်ငံသား ငါးဦးနှင့် ဖိလစ်ပိုင်နိုင်ငံသား ၁၀ ဦး စုစုပေါင်း ၁၅ ဦးတို့ကို ယနေ့တွင် ထပ်မံ စစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၅ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံ သားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေး အတွက် ကရင်ပြည်နယ် လူမှုရေးရာ ဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန် ရှိသူများသည် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ များနှင့်တွေ့ဆုံကာ စာရင်းဇယားအချက် အလက်များ၊ မှတ်တမ်းများ စနစ်တကျ ဖြစ်စေရေး၊ နှောင့်နှေးကြန့်ကြာမှုမရှိစေ ရေး ဆောင်ရွက်ထားရှိရန် မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၆ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရား မဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံ သား စုစုပေါင်း ၈၇၃၉ ဦးကို စစ်ဆေးဖော် ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၁၄၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၉၇ ဦးကို သက်ဆိုင် ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့် ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး အထူး သဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများ တွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်း လောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများအား အမျိုးသားရေးအသွင် ဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံ တကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်း ခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက် များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင် ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထား ပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေး ဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်း ဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထား သည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလ အတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင် သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထား သည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလ အတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက် အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူ ဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံး တစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာ သင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

# ထီးချိုင့်မြို့နယ်တွင် နေကြာကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၃၆ ဒသမ ၇၃ တင်းထွက်ရှိ



**ထီးချိုင့် မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် နေကြာကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၃၆ ဒသမ ၇၃ တင်းထွက်ရှိကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ကေ ၁၅၃၄၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ကေ ၁၅၃၄၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေ လက်ရှိမှာ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်။ နေကြာကိုဆောင်းမှာဘဲ စိုက်ကြတာပါ"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

နေကြာသီးနှံကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုလုံလောက်စေမည့်အပြင် ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် နေကြာသီးနှံကို မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

---

# လွိုင်လင်မြို့နယ် တောင်နောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လွိုင်လင် မေ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်နောက်ကျေးရွာနှင့် နောင်ဟင့်ကျေးရွာအတွက် အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၅ ရက် နံနက်ပိုင်းက တောင်နောက်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က တောင်နောက်ကျေးရွာနှင့် နောင်ဟင့်ကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မေပိုးဦးက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းများ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၆၇၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်နောက်နှင့် နောင်ဟင့်ကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၆၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ပါပူဝါးနယူးဂီနီနိုင်ငံတွင် ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့



**ပို့မော်ရက်စ်ဘီ မေ ၆**

ပါပူဝါးနယူးဂီနီနိုင်ငံတွင် မေ ၅ ရက်က ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း US Tsunami Warning Centre က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ငလျင်သည် နယူးဗြိတိန်နယ်မြေအနီးတွင် လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ပြီး ကင်ဘီနယ်မြေနှင့် ၁၄၉ ကီလိုမီတာအကွာတွင် လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဆူနာမီလှိုင်း သတိပေးချက် ထုတ်ပြန်ခဲ့သော်လည်း ငလျင်လှုပ်ခတ်ခဲ့ပြီး နာရီပိုင်းအကြာတွင် ဆူနာမီလှိုင်း သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်မှုအားပြင်းခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့ကြောင်း သိရသည်။

"မေ ၅ ရက်မှာ ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူရှိတဲ့ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ ငလျင်ဗဟိုချက်ဟာ နယူးဗြိတိန်နယ်မြေနဲ့နီးစပ်ခဲ့ပြီးတော့ ကင်ဘီနယ်မြေနဲ့ ၁၄၉ ကီလိုမီတာ ကွာဝေးခဲ့ပါတယ်။ ငလျင်အားကောင်းတဲ့အတွက်ကြောင့် ဆူနာမီလှိုင်း သတိပေးချက် ထုတ်ပြန်ထားပါတယ်။ ဒါပေမဲ့ အခြေအနေတည်ငြိမ်သွားတဲ့အတွက် ဆူနာမီလှိုင်း သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်"ဟု US Tsunami Warning Centre မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပါပူဝါးနယူးဂီနီနိုင်ငံတွင် ပြီးခဲ့သော မတ်လကလဲ ပြင်းအား ၆ ဒသမ ၉ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် အရှေ့စီပစ်ခ်စီရင်စုတွင် လူနေအိမ်ခြေ ၁၀၀၀ ကျော်ထိ ပျက်စီးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အတ္တလန္တိတ်သမုဒ္ဒရာပိုင်းမှဖြစ်ပေါ်လာမည့် ဟာရီကိန်းမုန်တိုင်း ၂၀၂၅ ခုနှစ်အတွင်း ပုံမှန်ထက်အကြိမ်ရေ ပိုများလာဖွယ်ရှိနေ

**ဝါရှင်တန် မေ ၆**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသီများက အတ္တလန္တိတ် သမုဒ္ဒရာပိုင်းမှ အစပျိုးလာမည့် ဟာရီကိန်းမုန်တိုင်းရာသီ စတင်တော့မည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်အတွင်း ဟာရီကိန်းမုန်တိုင်းအကြိမ်ရေသည် ပိုမိုများပြားလာဖွယ် ရှိနေကြောင်း ထုတ်ပြန်ခဲ့သည်ဟု မေ ၅ ရက် သတင်းများတွင်ဖော်ပြထားသည်။

ယခုနှစ်အတွင်း အတ္တလန္တိတ်သမုဒ္ဒရာပိုင်းမှ ဟာရီကိန်းမုန်တိုင်းသည် ၁၇ ကြိမ်ထိ ဝင်ရောက်လာနိုင်သည့် အခြေအနေဖြစ်သည့်အတွက် အတ္တလန္တိတ်သမုဒ္ဒရာပိုင်းမှအစပျိုးသည့် ဟာရီကိန်းမုန်တိုင်း ဝင်ရောက်လေ့ရှိသည့် မြောက်အမေရိကတိုက်မှ နိုင်ငံများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် လိုအပ်ကြောင်း၊ ဟာရီကိန်းမုန်တိုင်းရာသီသည် နှစ်စဉ်ဇွန် ၁ ရက်မှ စတင်ပြီး နိုဝင်ဘာ ၃၀ ရက်ထိ ဖြစ်သည့်အတွက် ၎င်းကာလအတွင်းမုန်တိုင်းအန္တရာယ်ကို ရင်ဆိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန်လိုသည်ဟု ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသီများက သတိပေးထားကြောင်း သိရသည်။

မှတ်တမ်းများအရ ၁၉၉၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း အားကောင်းသည့် ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုသည် ပျမ်းမျှ ၁၄ ဒသမ ၄ ကြိမ်ထိရှိခဲ့ပြီး ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ဟာရီကိန်းမုန်တိုင်း အကြိမ်ရေ အနည်းငယ်မြင့်တက်လာခဲ့သော်လည်း၂၀၂၄ ခုနှစ်တွင် ဟာရီကိန်းမုန်တိုင်း ၁၁ ကြိမ်သာရှိခဲ့ပြီး ၂၀၂၅ ခုနှစ်အတွင်း ဟာရီကိန်းမုန်တိုင်းသည် ၁၇ ကြိမ် ထိအကြိမ်ရေ မြင့်တက်လာနိုင်သည့်အတွက် အတ္တလန္တိတ်သမုဒ္ဒရာပိုင်းတွင် ရာသီဥတုပြောင်းလဲမှုမြန်ဆန်နေခြင်းကြောင့်ဖြစ်ကြောင်း ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသီများက ထုတ်ပြန်သွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# တက္ကဆက်ပြည်နယ်မှ အိုဟိုင်းယိုးပြည်နယ်သို့ လေဆင်နှာမောင်းအသွင် မုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် သေဆုံးသူ ၁၆ ဦးထိမြင့်တက်လာပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့

**နယူးယောက် မေ ၆**



အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်မှ အိုဟိုင်းယိုးပြည်နယ်သို့ ဖြတ်သန်းတိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် သေဆုံးသူ ၁၆ ဦးထိမြင့်တက်လာပြီ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဆိုးရွားသည့်ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်နေရသည့် ဧရိယာမှာ အိုဟိုင်းယိုးပြည်နယ် လူးဝစ်ဗီးလ်မြို့ဖြစ်ပြီး နေရာ ၁၀ နေရာထိ ရေကြီးရေလျှံမှု ဖြစ်ပွားနေကြောင်း၊ မုန်တိုင်းသည် လေဆင်နှာမောင်းအသွင် တိုက်ခတ်ခဲ့ခြင်းဖြစ်သည့်အတွက် ပျက်စီးဆုံးရှုံးမှုများပြားခဲ့ကြောင်း၊ မုန်တိုင်းအားကောင်းသည့်အတွက် အခြေခံအဆောက်အအုံတချို့ပျက်စီးသွားခဲ့ကြောင်း၊ မုန်တိုင်းကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားကာ သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တက္ကဆက်ပြည်နယ်ကနေ အိုဟိုင်းယိုးပြည်နယ်ထိ မုန်တိုင်းဖြတ်သန်း တိုက်ခတ်သွားခဲ့ပါတယ်။ မုန်တိုင်းဟာ လေဆင်နှာမောင်းအသွင်တိုက်ခတ်ခဲ့ခြင်းဖြစ်တဲ့အတွက် ပျက်စီးဆုံးရှုံးမှုတွေများပြားခဲ့ပါတယ်။ သေဆုံးသူ ၁၆ ယောက်ထိရှိခဲ့တယ်။ မုန်တိုင်းဟာ မေ ၆ ရက်မတိုင်မီကလဲတိုက်ခတ်ခဲ့သေးတယ်။ နှစ်ကြိမ်ဆက် တိုက်ခတ်ခဲ့တဲ့အတွက် ပျက်စီးမှုတွေများခဲ့ပါတယ်"ဟု အမေရိကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကို အချိန်မီသိရှိနိုင်ရေး အပူပုံရိပ်ဖမ်းနည်းပညာကို အသုံးပြုသွားမည်

**နယူးဒေလီ မေ ၆**

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကို အချိန်မီသိရှိနိုင်ရေးအတွက် အပူပုံရိပ်ဖမ်းနည်းပညာ အသုံးပြု၍ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ပန်ဂျပ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု မေ ၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကို အချိန်မီသိရှိပါက တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်မည်ဖြစ်သကဲ့သို့ တောမီးကူးစက်လောင်ကျွမ်းမှုနှင့်ဆက်စပ်သော ပျက်စီးဆုံးရှုံးမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ နည်းပညာကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်မှု ပြီးမြောက်ပါက အိန္ဒိယနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကို နည်းပညာအကူအညီဖြင့် ပထမဆုံးစောင့်ကြည့်သည့် ပြည်နယ်ဖြစ်လာမည်ဖြစ်ကြောင်း၊ မလိုလားအပ်သော ဆုံးရှုံးမှုများကိုလည်း ရှောင်ကြဉ် နိုင်မည်ဖြစ်သည့်အတွက် အကျိုးရှိသည့် ဆောင်ရွက်မှုတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ပန်ဂျပ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"သစ်တောပြုန်းတီးမှုနဲ့ တောမီးလောင်ကျွမ်းမှုတွေကို လျှော့ချနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ AI နည်းပညာအဖွဲ့က တာဝန်ယူဆောင်ရွက်ပေးသွားမှာဖြစ်ပြီးတော့ ကောင်းကင်ဂြိုဟ်တုနဲ့ချိတ်ဆက်ပြီး အပူပုံရိပ်ဖမ်းနည်းပညာအကူအညီနဲ့ တောမီးလောင်ကျွမ်းမှုတွေ၊ တရားမဝင်သစ်ခိုးထုတ်မှုတွေကို စောင့်ကြည့်သွားမယ်။ ၂၄ နာရီ အချိန်ပြည့်စောင့်ကြည့်ပြီးတော့ ပြည်သူတွေကို တောမီးနဲ့ပတ်သက်ပြီး အချိန်နဲ့တစ်ပြေးညီ အသိပေးနိုင်အောင် ဆောင်ရွက်သွားမှာပါ"ဟု ပန်ဂျပ်ပြည်နယ် ဝန်ကြီးချုပ် မာယမ်အူရမ်ဇက်ဘ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

**ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ**

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။




၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။





၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

# အရှေ့တောင်အာရှတွင် နျူကလီးယားစွမ်းအင်ထုတ်လုပ်နိုင်ရေး အပြိုင်အဆိုင်ကြိုးပမ်းမှုများ

အရှေ့တောင်အာရှဒေသသည် ၂၀၅၀ ပြည့်နှစ်တွင် လျှပ်စစ်စွမ်းအင် သုံးဆခန့် လိုအပ်လာမည်ဖြစ်သည့်အတွက် စွမ်းအင်စီမံကိန်းများ အပြိုင်အဆိုင်အကောင်အထည်ဖော်သည့် နေရာတစ်ခုဖြစ်လာနေပြီဖြစ်သည်။ ၎င်းဒေသရှိ နိုင်ငံများသည် စွမ်းအင်လိုအပ်ချက်ပြည့်မီရေး အပြိုင်အဆိုင်ကြိုးပမ်းနေသောကြောင့် စွမ်းအင်ထုတ်လုပ်နိုင်သော အရင်းအမြစ်တစ်ခုမှာ နျူကလီးယားစွမ်းအင်ပင်ဖြစ်သည်။ လွှမ်းမိုးချုပ်ကိုင်မှုအတွက် ကမ္ဘာလုံးဆိုင်ရာယှဉ်ပြိုင်မှုများ ပြန်လည်မြင့်တက်နေသည့်ကြားတွင် နျူကလီးယားစွမ်းအင်သည် အဓိကစစ်မြေပြင်ဖြစ်လာလျက်ရှိသည်။ အကြောင်းမှုကား နျူကလီးယားစွမ်းအင်နည်းပညာပံ့ပိုးပေးသွားမည့်နိုင်ငံများသည် ဒေသတွင်း အနာဂတ်စွမ်းအင်အခင်းအကျင်းကို ပုံဖော်သွားရန် အပြိုင်အဆိုင်ကြိုးပမ်းနေသောကြောင့်ပင်ဖြစ်သည်။

ယခုနှစ် ဇန်နဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံသည် နျူကလီးယားစွမ်းအင်စက်ရုံအသစ် ၂၀ တည်ဆောက်သွားမည့်စီမံကိန်းများကို ထုတ်ဖော်ကြေညာခဲ့ပြီး ပထမဆုံးစက်ရုံကို ၂၀၃၆ ခုနှစ်တွင် အပြီးသတ်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ စီမံကိန်းများအောင်မြင်စွာအကောင်အထည်ဖော်နိုင်မည်ဆိုလျှင် အင်ဒိုနီးရှားနိုင်ငံသည် နျူကလီးယားစွမ်းအင်စက်ရုံလည်ပတ်နိုင်သည့် ပထမဆုံးသောအရှေ့တောင်အာရှနိုင်ငံဖြစ်လာမည်ဖြစ်ပြီး အစဉ်အလာအရ နျူကလီးယားစွမ်းအင်နှင့်စပ်လျဉ်း၍ သံသယကြီးထွားနေသောဒေသအတွက် ထွက်ပေါက်တစ်ခုဖြစ်လာတော့မည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် ဘေးကင်းလုံခြုံပြီး ကုန်ကျစရိတ်သက်သာကာ နည်းပညာအလျင်အမြန်တည်ဆောက်နိုင်မည့်အသေးစားမော်ဂျူလာဓာတ်ပေါင်းဖို(SMR)များ တည်ဆောက်သွားရန် စီမံကိန်းရေးဆွဲထားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ နျူကလီးယားရည်မှန်းချက်များသည် ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာလျက်ရှိသည်။ မြေငလျင်ကြောတွင် တည်ရှိပြီး မီးတောင်များပေါက်ကွဲနေသော နေရာဖြစ်သောကြောင့် အင်ဒိုနီးရှားပြည်သူများသည် နျူကလီးယားသဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာမည်ကို စိုးရိမ်ပူပန်လျက်ရှိကြသည်။ အဆိုပါစိုးရိမ်ပူပန်မှုများရှိနေသော်လည်း အင်ဒိုနီးရှားနိုင်ငံသည် နျူကလီးယားစွမ်းအင်စက်ရုံအသစ် ၂၀ တည်ဆောက်ရန် အမေရိကန်ကုမ္ပဏီကြီးဖြစ်သည့် Thor Con၏ အင်ဒိုနီးရှားလက်ခွဲကုမ္ပဏီနှင့် မိတ်ဖက်ဆောင်ရွက်နေကြောင်း လှစ်ဟပြသလျက်ရှိသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံပိုင် PT PLN ကုမ္ပဏီသည် သုတေသနလုပ်ငန်းများ လုပ်ဆောင်ရန်နှင့် နိုင်ငံ၏ ဝေးလံခေါင်ဖျားသောဒေသများတွင် အသေးစားမော်ဂျူလာဓာတ်ပေါင်းဖိုများ တည်ဆောက်ရန် အမေရိကန်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါကြိုးပမ်းအားထုတ်မှုများကို ပြသလျက်ရှိသောကြောင့် တောင်ကိုရီးယားနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံတို့အပါအဝင် အခြားကမ္ဘာ့အင်အားကြီးနိုင်ငံများသည် အင်ဒိုနီးရှားနိုင်ငံ၏ နျူကလီးယားကဏ္ဍကို စိတ်ပါဝင်စားကြောင်း ထုတ်ဖော်ပြောဆိုလျက်ရှိသည်။ သာဓကအနေဖြင့် ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုတို့သည် ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း တွေ့ဆုံဆွေးနွေးစဉ် နျူကလီးယားပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးခဲ့ကြသည်။ ရုရှားနိုင်ငံ၏ Rosatom ကုမ္ပဏီနှင့်အင်ဒိုနီးရှားနိုင်ငံ၏ BATAN ကုမ္ပဏီတို့သည် ရေပေါ်နျူကလီးယားစွမ်းအင်စက်ရုံများ တည်ဆောက်မှုနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးထားသော်လည်း လက်ရှိအချိန်ထိ အသေးစိတ်စီမံကိန်းများကို ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။

နျူကလီးယားစွမ်းအင်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ရုတ်တရက်ချဉ်းနင်းဝင်ရောက်မှုသည် အရှေ့တောင်အာရှဒေသ၏ ပိုမိုကျယ်ပြန့်လာသော အနာဂတ်အလားအလာကို ထင်ဟပ်စေလျက်ရှိသည်။ ဆိုလိုသည်မှာ ဒေသတွင်းပြင်ပရှိ အင်အားကြီးနိုင်ငံများသည် ၎င်းတို့၏ ပထဝီနိုင်ငံရေးဆိုင်ရာလွှမ်းမိုးမှုချဲ့ထွင်ရန် နျူကလီးယားစွမ်းအင်ကို သြဇာအရှိန်အဝါအဖြစ် အသုံးပြုလာခြင်းပင်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏ ပေါ်လစ်ဗျူရိုအဖွဲ့သည် ၂၀၁၆ ခုနှစ်တွင် ချောင်ထိုးထားသည့် နျူကလီးယား




စွမ်းအင်စီမံကိန်းကို ပြန်လည်သုံးသပ်ပြီးနောက် အမျိုးသားစွမ်းအင် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် နျူကလီးယားစွမ်းအင်စီမံကိန်းကို ရပ်ဆိုင်းထားခဲ့သော်လည်း ယခုနှစ် ဇန်နဝါရီ ၁၄ ရက်က ရုရှားနိုင်ငံနှင့် နျူကလီးယားစွမ်းအင် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါစာချုပ်အရ ရုရှားနိုင်ငံပိုင် Rosatom ကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံနှင့်ပူးပေါင်းကာ လာမည့်ဆယ်စုနှစ်အတွင်း နျူကလီးယားစွမ်းအင်ထုတ်လုပ်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါပူးတွဲရင်းနှီးမြှုပ်နှံမှုများသည် အရှေ့တောင်အာရှဒေသတွင် ရုရှားနိုင်ငံ၏ လွှမ်းမိုးမှုအတွက် တွန်းအားဖြစ်လာမည်လားဆိုသောအချက်ကိုမူ စောင့်ကြည့်သွားရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ အရှေ့တောင်အာရှဒေသ၏ စွမ်းအင်ကဏ္ဍများတွင် ရုရှား၏ပါဝင်ဆောင်ရွက်မှုသည် အနောက်အုပ်စုစွမ်းအင်ထုတ်လုပ်သူများအပေါ် သက်ရောက်မှုများရှိလာနိုင်ပြီး Rosatom နှင့် လက်ခွဲကုမ္ပဏီများအပေါ် အမေရိကန်နှင့် ဗြိတိန်တို့၏ ပိတ်ဆို့မှုလုပ်ငန်းများကို ပိုမိုသိမ်မွေ့ရှုပ်ထွေးလာစေမည်ဖြစ်သည်။ သို့သော် ယူကရိန်းပဋိပက္ခသည် နျူကလီးယားစွမ်းအင်အတွက် ရုရှား၏ ဦးဆောင်ရောင်းချနိုင်မှုစွမ်းရည်ကို ကန့်သတ်ချက်ဖြစ်ပေါ်လျက်ရှိသဖြင့် အခြားသောနျူကလီးယားစွမ်းအင်ထုတ်လုပ်သူများအတွက် အခွင့်အလမ်းဖွင့်လှစ်ပေးလျက်ရှိသည်။

ထိုအတောအတွင်း တရုတ်နိုင်ငံသည် နျူကလီးယားစွမ်းအင်စက်ရုံများ တည်ဆောက်ရေးအတွက် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း(BRI)မှတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိသည်။ တရုတ်အမျိုးသား နျူကလီးယားစွမ်းအင်ကော်ပိုရေးရှင်းသည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းမိတ်ဖက်နိုင်ငံများတွင် နျူကလီးယားဓာတ်ပေါင်းဖို အလုံး ၃၀ တည်ဆောက်သွားမည့်စီမံကိန်းများကို အဆိုပြုထားလျက်ရှိပြီး ၎င်းစီမံကိန်းများသည် နျူကလီးယားစွမ်းအင်ရင်းနှီးမြှုပ်နှံမှုတွင် တရုတ်နိုင်ငံ၏ အဆင့်အတန်းကို ကမ္ဘာ့ဦးဆောင်သူအဖြစ် ခိုင်မာစေမည်ဖြစ်သည်။ အဆိုပါစီမံကိန်းများအောင်မြင်ပြီး တရုတ်နိုင်ငံ၏ ပြည်တွင်းစွမ်းဆောင်ရည်များနှင့်ပေါင်းစပ်လိုက်မည်ဆိုလျှင် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး နျူကလီးယားအစီအစဉ်ကို တိုးမြှင့်သွားနိုင်မည်ဖြစ်သည်။

သို့သော် တရုတ်နိုင်ငံ၏ နျူကလီးယားရည်မှန်းချက်များသည် စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်။ အထူးသဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း မိတ်ဖက်နိုင်ငံများသည် နည်းပညာဆိုင်ရာအခြေခံအဆောက်အအုံများ၊ ဒေသတွင်းကျွမ်းကျင်ပညာရှင်များနှင့် ဓာတ်ပေါင်းဖိုများ ဘေးကင်းလုံခြုံစွာလည်ပတ်နိုင်ရေး လုပ်ထုံးလုပ်နည်းမူဘောင်များ လိုအပ်ချက်ရှိနေသည်။ ၎င်းနိုင်ငံများအနေဖြင့် တရုတ်နိုင်ငံ၏ နည်းပညာအပေါ် မှီခိုရမည်ဖြစ်သည့်အတွက် တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးနှင့်နိုင်ငံရေးဆိုင်ရာဖိအားအတွက် စွမ်းအင်သဘောတူညီချက်များကို အသုံးချသွားနိုင်သည်။ မိတ်ဖက်နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံကို စိတ်ပျက်အောင်လုပ်မည်ဆိုလျှင် တရုတ်နိုင်ငံအနေဖြင့် မဟာဗျူဟာမြောက် အကျိုးအမြတ်အတွက် နျူကလီးယားစွမ်းအင်ထုတ်လုပ်မှု ရပ်ဆိုင်းခြင်း သို့မဟုတ် ကြွေးမြီသဘောတူညီချက် အသုံးချခြင်းတို့ကို လုပ်ဆောင်သွားနိုင်သည်။

တရုတ်နိုင်ငံသည် အတိုးနှုန်းသက်သာစွာဖြင့် ငွေကြေးပံ့ပိုးပေးလျက်ရှိသောကြောင့် နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်စွမ်းအင်တိုးမြှင့်ထုတ်လုပ်ရန် ကြိုးပမ်းသောနိုင်ငံများအတွက် ဆွဲဆောင်မှုကောင်းသော မိတ်ဖက်နိုင်ငံပင်ဖြစ်သည်။ သို့သော် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့အနေဖြင့် အရှေ့တောင်အာရှဒေသတွင် နျူကလီးယားစွမ်းအင်ထုတ်လုပ်မှုအတွက် မိတ်ဖက်နိုင်ငံများဖြစ်လာစေရန် ၎င်းတို့၏စုပေါင်းအားနှင့် မတူညီသောယှဉ်ပြိုင်နိုင်စွမ်းတို့ဖြင့် ထိုးဖောက်သွားနိုင်သည်။

အမေရိကန်နိုင်ငံအနေဖြင့် နျူကလီးယားယှဉ်ပြိုင်မှုတွင် နောက်ကျကျန်ရစ်နေခြင်းမရှိပေ။ အမေရိကန်သည် ၂၀၂၄ ခုနှစ်အတွင်း စင်ကာပူနိုင်ငံနှင့် နျူကလီးယားစွမ်းအင်စာချုပ်နှစ်ခု လက်မှတ်ရေးထိုးခဲ့ပြီး နျူကလီးယားလက်နက်မပြန့်ပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် အရပ်ဘက်နျူကလီးယားစီမံကိန်းများတွင်နက်ရှိုင်းသောနျူကလီးယားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားရန် ရည်မှန်းထားရှိသည်။

အမေရိကန်နျူကလီးယားစွမ်းအင်အက်ဥပဒေ အပိုဒ် ၁၂၃ အရ အဆိုပါသဘောတူညီချက်များသည် အဏုမြူသုတေသနနှင့် အရပ်ဘက်သုံးနျူကလီးယားစွမ်းအင်ထုတ်လုပ်မှုတို့အတွက် နျူကလီးယားပစ္စည်း၊ အသုံးအဆောင်၊ အစိတ်အပိုင်းနှင့် သတင်းအချက်အလက်များလွှဲပြောင်းပေးရန် ခွင့်ပြုထားသည်။ ထို့ပြင် နျူကလီးယားနည်းပညာ ရင်းနှီးမြှုပ်နှံရန်ရှာဖွေနေသော ပုဂ္ဂလိကကုမ္ပဏီများအတွက် လိုအပ်သောလိုင်စင်ကိုလည်း ခွင့်ပြုပေးထားသည်။ အမေရိကန်နိုင်ငံသည် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံတို့နှင့်လည်း သဘောတူစာချုပ် ၁၂၃ ခု လက်မှတ်ရေးထိုးထားရှိသည်။

အလားတူ တောင်ကိုရီးယားနိုင်ငံသည်လည်း ကမ္ဘာ့အထင်ရှားဆုံး နျူကလီးယားစွမ်းအင်ထုတ်လုပ်နေသည့် နိုင်ငံများအနက်မှ တစ်နိုင်ငံပင်ဖြစ်သည်။ ၎င်းတို့၏ နျူကလီးယားနည်းပညာနှင့် အခြေခံအဆောက်အအုံတင်ပို့မှုသည် ပြီးခဲ့သည့် နှစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၉ ဘီလီယံခန့်ရှိခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသည် ကာလရှည်ကြာရပ်ဆိုင်းထားသော Bataan နျူကလီးယားစွမ်းအင်စက်ရုံ ပြန်လည်အကောင်အထည်ဖော်ရေးအတွက် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ဖိလစ်ပိုင်နိုင်ငံနှင့် နျူကလီးယားနည်းပညာနှင့် စီးပွားရေးသုတေသနသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ ထို့ပြင် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ယခုနှစ် ဇန်နဝါရီ ၇ ရက်က နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့သောကြောင့် တတိယနိုင်ငံများတွင် အရပ်ဘက်နျူကလီးယားစွမ်းအင်ပူးပေါင်းထုတ်လုပ်ရေးအတွက် လမ်းကြောင်းခင်းပေးမည့် ကာလရှည်ကြာမိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့သည်။

အရှေ့တောင်အာရှဒေသတွင် နျူကလီးယားစွမ်းအင်ထုတ်လုပ်မှုသည် အငြင်းပွားဖွယ်ရာအကြောင်းအရာတစ်ရပ်အဖြစ် တည်ရှိနေသည်။ အကြောင်းမှုကား ကုန်ကျစရိတ်ကြီးမားခြင်း၊ ဖူကူရှီးမားဒိုင်အီချီနျူကလီးယားစွမ်းအင်စက်ရုံ မတော်တဆဖြစ်စဉ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစိုးရိမ်ပူပန်မှုများကြောင့်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများ၏သံသယကို ပိုမိုကြီးထွားစေပြီး လက်ရှိအချိန်ထိ ဒေသ၏ နျူကလီးယားစွမ်းအင်တိုးချဲ့ထုတ်လုပ်မှုကို ကန့်သတ်ချက်ဖြစ်ပေါ်စေလျက်ရှိသည်။ သို့သော် အစိုးရများသည် နိုင်ငံခြားအစိုးရများနှင့် မိတ်ဖက်ဆောင်ရွက်မှုမှတစ်ဆင့် နျူကလီးယားစွမ်းအင်ထုတ်လုပ်ရန် ကြိုးပမ်းသွားဖွယ်ရာရှိနေသဖြင့် ဒေသတွင်း၌ ပထဝီနိုင်ငံရေးဆိုင်ရာပြိုင်ဆိုင်မှုအတွက် မျက်နှာသစ်တစ်ရပ်ကိုလည်း မတော်တဆဖန်တီးလာနိုင်ပေသည်။

လက်ရှိအချိန်တွင် အရှေ့တောင်အာရှဒေသသည် အရေးပါသောဆုံးဖြတ်ချက် ချမှတ်ရတော့မည်ဖြစ်သည်။ ရွေးချယ်မှုများသည် ဒေသ၏ အနာဂတ်စွမ်းအင်အပြင် လာမည့်ဆယ်စုနှစ်များအတွင်း နိုင်ငံရေးနှင့် စီးပွားရေးဟန်ချက်ကိုလည်း ပုံဖော်သွားနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ နျူကလီးယားစွမ်းအင်သည် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးအပြင် လွှမ်းမိုးမှု၊ မဟာဗျူဟာနှင့် ကမ္ဘာလုံးဆိုင်ရာလွှမ်းမိုးမှုတို့အတွက်လည်း အရေးပါလာလျက်ရှိပေသည်။

**ကိုးကား**

- Atomic War : Nuclear Energy Competition in Southeast Asia by The Diplomat.

**မောင်စိန်အိ(နဘဲမြေ)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁-၅-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

( ဂ ) အခြေခံပညာ အဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

( င ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Web-portal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၃-၃-၂၀၂၅ ရက်နေ့မှ ၂၂-၄-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) အခြေခံပညာအဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီးသတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်



၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ



မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!



နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

We Protect The Family


# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

## မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည်ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။



၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ဓာတ်လှေကားအသုံးမပြုရ ...



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်း လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကို တွေ့ရ...

❖ သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄)တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးမြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေသည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ကူညီကယ်ဆယ်ရေးအဖွဲ့များကို သွားရောက်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးအားပေးစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားနိုင်ငံမှ Major General Sergey Voroutsov ဦးဆောင်သော ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့များက ဆေးကုသရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဧပြီ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေသည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ကူညီကယ်ဆယ်ရေးအဖွဲ့များကို သွားရောက်တွေ့ဆုံပြီး ရင်းရင်းနှီးနှီးအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ်ရှိ **စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

